# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၄)


## ကြိုတင်စီမံ လမ်းခင်းဆောင်ရွက်ပေးနေ

မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ အနာဂတ်ရေးအတွက် ဆောင်ရွက်နိုင်သမျှ ကြိုးပမ်း ဆောင်ရွက်ရင်း နောင်ပေါ်ထွန်းလာမည့် အစိုးရ အဆက်ဆက်ပါ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အခက် အခဲမရှိ ဆောင်ရွက်နိုင်စေရအောင် ကြိုတင်စီမံလမ်းခင်း ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အောက်တိုဘာ ၁၁ ရက်က ပုသိမ်တံတား ရေလယ်တိုင်တည်ဆောက် မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





## အမျိုးသားညီလာခံအောင်မြင်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများသဘောတူအတည်ပြုက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပခြင်းလုပ်ငန်းဆောင်တာများ များစွာကျန်ရှိနေသေး ပြည်သူရွေးချယ်ပေးသောအစိုးရအနေဖြင့် အမျိုးသားအကျိုးစီးပွားရေးရှုလျှင် မျှော်မှန်းချက်ပန်းတိုင်ရောက်မည် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေး ပြည်သူအားလုံးပူးပေါင်းပါဝင်

**ရန်ကုန် အောက်တိုဘာ ၁၃**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ပုသိမ်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ■

ပုသိမ်မြို့ရှိ အစိုးရနည်းပညာ ကောလိပ် ပင်မအဆောက်အအုံ ကို တွေ့ရစဉ်။ (သတင်းစဉ်)



## နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

# နိုင်ငံတော်က ပံ့ပိုးပေးသည့် အခြေခံကောင်းများရယူ ဒေသခံပြည်သူများ လူမှုဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်နှင့်တိုင်း ဒေသတစ်ခုချင်း အလိုက် လိုအပ်ချက်များကို ဖော်ထုတ်၍ အခြေခံအဆောက်အအုံများ ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံအဆောက်အအုံများ သိသာထင်ရှား ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ပြည်သူများလက်တွေ့ခံစားနေကြရပြီဖြစ်သည်။

ဤသို့ဖွံ့ဖြိုးတိုးတက်လာမှုများကို ရောင့်ရဲမနေဘဲ မိမိတို့မြို့နယ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်အလိုက် စီးပွားရေးလုပ်ငန်းများပိုမိုတိုးတက်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်၏ပံ့ပိုးပေးမှုများကို ရယူပြီး ဒေသခံ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဝီရိယစိုက်ထုတ်ကာ အင်တိုက်အားတိုက် ဆက်လက် ကြိုးပမ်း ဆောင်ရွက် သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောက်တိုဘာလ ၁၀ ရက်နေ့က ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး သာပေါင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မှာကြားရာတွင်-

**"မြို့နယ်တစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့နယ်၌ ဦးဆောင်ဦးရွက်ပြုနေကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ထိုးထွင်းကြံဆမှု၊ ဝီရိယစိုက်ထုတ်မှုတို့အပေါ်တွင် အဓိကတည်မှီနေကြောင်း၊ မိမိတို့မြို့နယ်အတွက် အားထားရသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

ဧရာဝတီတိုင်းအတွင်းရှိ သာပေါင်းမြို့နယ်သည် ရခိုင်ရိုးမနှင့် ဆက်စပ်နေသည့် ဒေသတစ်ခုဖြစ်ရာ ဒေသတွင်းဖြစ်ထွန်းနိုင်သော၊ ဈေးကွက်ရှိမည့် နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာ၊ ဝါး၊ ရေတတ်ကောင်း၊ ပဲပုပ်စသည့်အပင်များ စီးပွားဖြစ်စိုက်ပျိုးနိုင်သည့် ဒေသဖြစ်သည်။

မြို့နယ်အတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနက တည်ဆောက်ထားသည့် သာပေါင်းစက္ကူ ပျော့ဖတ် စက်ရုံကြီးသည် ဝါးကုန်ကြမ်းများ အမြောက်အမြားသုံးစွဲရသည့် စက်မှုလုပ်ငန်းကြီးဖြစ်သည်။ ထို့ကြောင့် ဒေသခံပြည်သူများအတွက် ဝါးကုန်ကြမ်းစိုက်ပျိုးပေးသွင်းမှုလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိထားပြီး ဖြစ်သည်။

ဤကဲ့သို့ ဒေသတွင်းစီးပွားရေးဖြစ်ထွန်းနိုင်မည့် အလားအလာကောင်းများကို အခြေခံပြီး မြို့နယ် အဆင့် တာဝန်ရှိသူများက ဒေသခံပြည်သူများအား စည်းရုံးဦးဆောင်လျက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရန် အားပေးထောက်ကူကြရန် ဖြစ်သည်။ ဌာနဆိုင်ရာများက အားပေးပံ့ပိုးခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍက အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်လာနိုင်ပြီး မြို့နယ်၏ စီးပွားရေးအခြေခံကောင်းများ တိုးတက်လာကာ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်းကို နိုင်ငံတော်၏ စပါးကျီဖြစ်စေရမည်ဆိုသည့် ရည်မှန်းချက် ထားရှိသည့်အပြင် ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို အလေးထား စီမံဆောင်ရွက်ပေးလျက် ရှိသည်။

ဧရာဝတီတိုင်းကဲ့သို့ စိုက်ပျိုးရေးဖြစ်ထွန်းသည့် ဒေသတွင် ဆန်စပါးနှင့် အခြားသီးနှံပင်များ တိုးတက်ထွက်ရှိနိုင်ရာ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်သည်နှင့်အမျှ မိမိတို့ဒေသအတွက်သာမက နိုင်ငံတော် အတွက်ပါ အကျိုးဖြစ်ထွန်းလာစေမည် ဖြစ်သည်။

ဧရာဝတီတိုင်းသည် ဆန်စပါးထုတ်လုပ်မှုသာမက ပြည်ပဝင်ငွေရှာဖွေပေးနိုင်သည့် ပင်လယ်ငါးဖမ်း လုပ်ငန်းနှင့် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ နိုင်ငံတော်အတွက် များစွာအထောက်အကူပြုလျက် ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် အခြေခံကောင်းများကို ရယူ၍ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဌာနဆိုင်ရာများ၏ ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများနှင့် လူမှုရေးအဖွဲ့ အစည်းများ၏ ပူးပေါင်းပါဝင်မှု အားကိုရယူကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၄-၁၀-၂၀၀၄(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
The Nature and Role of Financial Institution in Economy
(အိမ်တွင်းစီးပွားအထူးပြု)
၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း-၇)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း-၂၁)

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ruth Schatz က ဝန်ကြီး၏ ညှိခန်းသို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အစ္စရေးနိုင်ငံသံအမတ်ကြီးနှင့်မလေးရှားဧည့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၃

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ruth Schatz သည် ယမန်နေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။**

ယင်းသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးဘိုကြည်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်စိုးနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်တို့လည်း တက်ရောက်ကြသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှား နိုင်ငံ MEASAT-3:A Global Beam for Myanmar မှ Advisor Dato' Ainuddin Noordin ၊ Chief Executive Officer(CEO) Sales and Marketing Mr. Paul Brown-kenyon နှင့် Senior Vice-President, Space & Technology Dr. Ali R. Ebadi တို့သည် အောက်တိုဘာ ၁၂ရက် ညနေ၃နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်း၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင် သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်စိုးနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်တို့လည်း တက်ရောက် ကြသည်။ **(သတင်းစဉ်)**

# အမှတ်(၁)ရဲလေ့ကျင့်ရေး သင်တန်းကျောင်း ရဲတပ်သားသစ် သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၁၄၀) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၈ရက် နံနက် ၇နာရီက အမှတ်(၁)ရဲလေ့ကျင့် ရေးသင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြား ရေးမှူး ရဲမှူးကြီးဝင်းခေါင် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲအခမ်းအနားသို့ ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး မျိုးသန်း၊ ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ရုံးမှ ရဲမှူးဇော်ဝင်း၊ ကျောင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် စံပြကျောင်းသား ဆုကို ကသ-၉၀ ဝဏ္ဏအုန်း၊ ဥပဒေ ထူးချွန်ဆုကို ကသ-၉၀ ဝဏ္ဏအုန်း၊ စစ်ပညာထူးချွန်ဆုကို ကသ-၁၂၁ စိုး ထွန်းမောင်မောင်၊ ရဲကျင့်ဝတ်ထူးချွန် ဆုကို ကသ-၂၂၆ နန်းမျိုးအောင်၊ သေနတ်ပစ် အကောင်းဆုံးဆုကို ကသ-၂၁၇ ကျော်စိုးဝင်းတို့ ရရှိခဲ့ကြ ပြီး ဆုများကိုစီမံရေးနှင့် လေ့ကျင့်ရေး ဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်က ချီးမြှင့်သည်။ **(က-ပ)**



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူသမ္မတနိုင်ငံ RSP ဥက္ကဋ္ဌနှင့်အဖွဲ့ အားလက်ခံတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စင်ကာပူသမ္မတနိုင်ငံ (RSP) Architects Planners & Engineers Pte.Ltd.,မှ Chairman & Managing Director, Mr. Albert Hong Hin Kay နှင့် အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ဒွါဒသမ ပွဲတော်မှာ

❒ ဒွါဒသမ၊ ပြန်ဆုံကြပြီ
ဆိုကရေးတီး၊ ပွဲတော်ခရီး၌
နောင်ကြီးတစ်သွယ်၊ ညီငယ်မခြား
မောင်ဖွားနှမ၊ ဆုံစည်းကြမို့
လာကြအစ်ကို၊ ဟိုမှာအစ်မ
ပျော်လွန်းစွနှင့်၊ ရွာကယူလာ
ကိုယ့်ရပ်ရွာထွက်၊ သကာထန်းလျက်
လက်ဖက်ပဲပုပ်၊ စောင်ဂျပ်ခုတ်ပြင်
အိမ်လုပ်ငါးပိ၊ စုံပါဘိနှင့်
ပါရှိလက်ဆောင်၊ မေတ္တာနှောင်ကာ
ပြည်ထောင်စုသားတို့၊ ချစ်ကြည်စွာ။

❒ "ဟယ်" ကြည့်စမ်းပါ့၊ ဝလာလိုက်တာ
လှလိုက်ပါဘိ၊ မမြင်တာကြာ
ကျန်းမာပါစ၊ ဝမ်းသာစွနှင့်
ရွှင်ပျအားပါ၊ နှုတ်ဆက်ကာလျှင်
ရောက်လာရွယ်ရင်း၊ ယှဉ်ပြိုင်ခြင်းကို
အလျှင်းမေ့ကာ၊ ပွေ့ဖက်ကာနှင့်
ပြိုင်ရာဓိက၊ မဟုတ်ကြဘဲ
သွေးကစကား၊ ပြောသည့်လားသို့
မောင်ဖွားနှမ၊ ရွှင်အားရနှင့်
ဆုံကြတွေ့ကြ၊ ရင်းနှီးစွကို
မြင်ရချိန်မှာ၊ ကြည်နူးဖြာသည်
ဒွါဒသမ ပွဲတော်မှာ။ ။

ရန်နိုင်ဦး

## တရားစခန်းကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

ဇလွန်မြို့ ပြည်တော်ပြန်မြတ်စွာဘုရားကြီးအနီး မစိုးရိမ်ကျောင်းတိုက်သဲအင်းဂူရိပ်သာ အမှတ်စဉ်(၂၅)တွင် အဓိဋ္ဌာန်တရားစခန်းကို သီတင်းကျွတ်လဆန်း ၁၀ရက်မှလပြည့်ကျော် ၁ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် (မူလ)သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တပည့်ရင်းဆရာဦးမောင်ကြည်(ပန်းတနော်)က သဲအင်းဂူခန္ဓာကိုယ်တွေ့ ဝိပဿနာတရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင် ယောဂီများ သီတင်းကျွတ် လဆန်း ၉ရက်ညနေ၆နာရီ အရောက် ကြိုတင်စာရင်းပေးနိုင်ပြီး အာရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည်များ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ■ ကျောဖုံးမှ

တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များနှင့်အတူပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗဟိုအကဲဖြတ်ပညာရှင်များနှင့်ပြည်နယ်နှင့်တိုင်းများမှအကဲဖြတ်ပညာရှင်များအားရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားအပြီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားဇာတ်ရုံသို့ ညွှန်ခန်းမ၌ ပြည်နယ်နှင့်တိုင်းများမှ ပညာရှင်ကြီးများနှင့်အကဲဖြတ်ဒိုင်များအနက် အသက် (၇၀) အထက် ပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်များအား အားဆေး လက်ဆောင်များ ပေးအပ်သည်။

**(သတင်းစဉ်)**



မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်နယ်နှင့်တိုင်းများမှ ပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်များအနက် အသက်(၇၀)အထက် ပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်များအား အားဆေးလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)



## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ပန်တျာကျောင်း) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|---|
| **စဉ်** | **ရက်စွဲ** | **အဆို** | **အက/ဇာတ်သဘင်** | **အရေး** | **အတီး** | **အတီး** |
| ၁။ | ၁၄-၁၀-၂၀၀၄<br>ကြာသပတေးနေ့ | **ဓမ္မပူဇာတေး**(နံနက်)<br>(၁) အဆင့်မြင့်<br>ခေတ်ဟောင်း/ကာလပေါ်<br>(နေ့လယ်)<br>(၂) အခြေခံ(၁၅-၂၀)<br>(ကျား) | **အမျိုးသမီးအက**(နံနက်)<br>(၁) ပညာရှင်<br>**အမျိုးသားအက**<br>(နေ့လယ်)<br>(၂) အခြေခံ(၁၀-၁၅) | **သီချင်းစာသားရေး**<br>**တေးသွားထည့်**<br>(၁) အခြေခံ (၅-၁၀)<br>(၂) အဆင့်မြင့်(မ) | **ပတ္တလား**<br>(၁) ဝါသနာရှင်(မ)<br>(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(ကျား)(နေ့လယ်) | **ဒိုးပတ်**<br>(၁) အခြေခံ (၅-၁၀)<br>(နံနက်)<br>(၂) ပညာရှင်(နေ့လယ်) |
| ၂။ | ၁၅-၁၀-၂၀၀၄<br>သောကြာနေ့ | **မဟာဂီတ** (နံနက်)<br>(၁) အဆင့်မြင့်(ကျား)<br>မဟာဂီတ(နေ့လယ်)<br>(၂) အခြေခံ(၁၀-၁၅)(မ) | **အမျိုးသားအက** (နံနက်)<br>(၁) အဆင့်မြင့်<br>**အမျိုးသမီးအက**<br>(နေ့လယ်)<br>(၂) အခြေခံ(၅-၁၀)<br>**ရာမာယဏဇာတ်တော်ကြီး**<br>(ညပိုင်း) | **သီချင်းစာသားရေး**<br>**တေးသွားထည့်**<br>(၁) အခြေခံ(၁၀-၁၅)<br>(၂) ဝါသနာရှင် | **ဒုံမင်း**<br>(၁) ဝါသနာရှင်<br>(ကျား+မ)(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(ကျား+မ)(နေ့လယ်)<br>(၃) အခြေခံ(၅-၁၀)<br>(ကျား+မ)(နေ့လယ်) | **ဆိုင်းတစ်ဦးချင်း**<br>(၁) ပညာရှင်(မ)(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)(မ)<br>(နေ့လယ်)<br>(၃) အခြေခံ(၅-၁၀)(မ)<br>(နေ့လယ်) |

# မိုဆူးလ်မြို့၌ အမေရိကန်စစ်ယာဉ်တန်း ကားဗုံးခွဲတိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

မိုဆူးလ် အောက်တိုဘာ ၁၂

**အီရတ်နိုင်ငံ မိုဆူးလ်မြို့အနောက်တောင်ဘက်တွင် တနင်္လာနေ့က အမေရိကန်စစ်ယာဉ်တန်းတစ်ခုအား အသေခံကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်နှစ်ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်နှင့် ဆေးရုံအရာရှိများက ပြောကြားသည်။**

အဆိုပါ အမေရိကန်စစ်ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်မှုနှင့် သေနတ်များဖြင့် နောက်ဆက်တွဲ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အနည်းဆုံးလူ ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ တနင်္လာနေ့နံနက် ၁၁ နာရီခန့်က ဖြစ်ပွားခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

### ပြောကြား

ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက အမေရိကန်စစ်ယာဉ်တန်းကို အဆောက်အအုံတစ်ခုအနီးမှနေ၍ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ပစ်ခတ်တိုက်ခိုက်သော အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများကို ယင်းအဆောက်အအုံနှင့် အနီးပတ်ဝန်းကျင်တွင် လိုက်လံရှာဖွေသော်လည်း မတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကားဗုံးခွဲ တိုက်ခိုက်မှုနှင့် သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး ဒဏ်ရာရရှိခဲ့သော်လည်း ခြောက်ဦးမှာ ဒဏ်ရာမပြင်းထန်သဖြင့် တာဝန်ပြန်လည်ထမ်းဆောင်နေပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

### ပျက်စီး

ယင်းကဲ့သို့ အမေရိကန်စစ်ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်သုံးစီးထက်မနည်း ပျက်စီးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**






ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို အောက်တိုဘာ ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# အောက်တိုဘာ ၁၂ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၇၂ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၁၃

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့ထိ အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

### သေဆုံး

အောက်တိုဘာ ၁၂ ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၇၂ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၁၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၅၅ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

### ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၃၄ ဦးဖြစ်ပြီး ယင်းအနက် ၇၀၈ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# အီရတ် စူးစမ်းလေ့လာရေးအဖွဲ့၏ အစီရင်ခံစာထွက်ပေါ်လာ ကျူးကျော်စစ်ဆင်နွှဲခဲ့သော အမေရိကန်နှင့်ဗြိတိန်တို့ ဝေဖန်ပြစ်တင်ခံရ

လန်ဒန် အောက်တိုဘာ ၁၁

**အီရတ်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ရန်ဆုံးဖြတ်ခဲ့သော အမေရိကန်နှင့်ဗြိတိန်တို့၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် စိုးစဉ်းမျှ သိရှိသဘောပေါက်ထားသော တရားဝင်ဖြစ်မှုသည် အီရတ်၌ တားမြစ်လက်နက်များ (ဒဗလျူ အမ်ဒီ)ရှာမတွေ့ကြောင်း အီရတ်စူးစမ်းလေ့လာရေးအုပ်စု၏ နောက်ဆုံးအစီရင်ခံစာထွက်ပေါ်လာချိန်တွင် လုံးဝလွင့်စင်ပျက်ပြယ်သွားခဲ့သည်ဟု ကုလသမဂ္ဂလက်နက်စစ်ဆေးသူဟောင်းတစ်ဦးက ဝေဖန်ပြောကြားသည်။**

အီရတ်၏ ဒဗလျူအမ်ဒီလက်နက်များ ၁၉၉၁ခုနှစ်၌ ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း မိမိတို့အားလုံးသိထားခဲ့ကြောင်း၊ အီရတ်ကိုစစ်ပွဲဆင်နွှဲသည့်အမှုကိစ္စအတွက် အမေရိကန်နှင့်ဗြိတိန်တို့က အထောက်အပံ့ပြုစေရန် အသုံးချခဲ့သော အီရတ်၏ ဒဗလျူအမ်ဒီလက်နက်များနှင့် စပ်လျဉ်း၍ စစ်ဆေးရေးအဖွဲ့၏ ဆောင်ရွက်တွေ့ရှိမှုဖြစ်စဉ်သည် မရေမရာမှုကို ဖန်တီးဖြစ်ပေါ်စေခဲ့သည်ဟု တနင်္ဂနွေနေ့ထုတ် အင်ဒီပင်းဒင့်သတင်းစာ၌ စကော့ရစ်တာက ရေးသားဖော်ပြသည်။

### သမိုင်းကသက်သေထူမည်

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုများအား တစ်ဦးတစ်ယောက်က ပြောဆိုနေချိန်တွင် အမေရိကန်နှင့် ဗြိတိန်တို့က ဆက်ဒမ်ဟူစိန်နှင့် ဖြေရှင်းရာ၌ နိုင်ငံတကာဆိုင်ရာ ဥပဒေအပြင်ဘက်က အစဉ်တစိုက်လုပ်ဆောင်ခဲ့သည်ဆိုသည်ကို သမိုင်းကသက်သေထူလိမ့်မည်ဟု ရစ်တာက ပြောဆိုသည်။

ယခုအခါ ဆက်ဒမ်ဟူစိန်မရှိတော့ကြောင်း၊ သို့ရာတွင် ကမ္ဘာကြီးမှာ ဆက်ဒမ်မရှိသည့်အတွက် အခြေအနေပိုဆိုးလာကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆက်ဒမ်၏ အစိုးရသည် ကမ္ဘာကြီးအား ခြိမ်းခြောက်မှုမရှိသည့်အတွက်ကြောင့် ဖြစ်ကြောင်း ရစ်တာက ဆက်လက် ပြောကြားသည်။

ရစ်တာ၏ ဝေဖန်တင်ပြချက်များကို ယခင်ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဟန်းစ်ဘလစ်ဇ်က ပဲ့တင်ထပ် ပြောကြားခဲ့သည်။

### ရေးသားဖော်ပြ

ဟန်းစ်ဘလစ်ဇ်က အင်ဒီပင်းဒင့်သတင်းစာသို့ ရေးသားပေးပို့သည့်စာ၌ အီရတ်စူးစမ်းလေ့လာရေးအုပ်စုက လွန်ခဲ့သည့်အပတ်၌ ထုတ်ပြန်ခဲ့သော အစီရင်ခံစာသည် အကြောင်းအချက်အပေါ် အခြေခံသော အမှန်တရားသည် ပကတိအမှန်တရားနှင့် လုံးဝကွဲပြားခြားနားခဲ့ကြောင်း ရေးသားဖော်ပြခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ဘာဆာရာမြို့ရှိ အမေရိကန်နှင့်ဗြိတိန်ကောင်စစ်ဝန်ရုံးအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



# အီရတ်၌တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားရန် အစီအစဉ်မရှိ ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ် ပြောကြား

ကင်ဘာရာ အောက်တိုဘာ ၁၂

**အမေရိကန်ပြည်ထောင်စု၏ အနီးကပ်ဆုံးမဟာမိတ်အနေဖြင့် ဆွေးနွေးဆောင်ရွက်ရန် မျှော်လင့်မထားရန်နှင့် အီရတ်နိုင်ငံတွင် ၎င်း၏တပ်ဖွဲ့ဝင်များကို အရေအတွက် တိုးမြှင့်ရန် ဩစတြေးလျ၌ အစီအစဉ်မရှိကြောင်း အသစ်ထပ်မံရွေးကောက်တင်မြှောက်ခြင်း ခံထားရသည့် ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။**

အီရတ်၌ အဖျက်စွမ်းအားကြီးမားသော တားမြစ်လက်နက်များမရှိကြောင်း အမေရိကန်စစ်ဆေးရေးအဖွဲ့က အစီရင်ခံစာထုတ်ပြန်ခဲ့သော်လည်း အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကိုပူးပေါင်းဆင်နွှဲခဲ့ခြင်းအတွက် တောင်းပန်ရန်ကိုမူ ဂျွန်ဟောင်းဝပ်က ငြင်းဆိုခဲ့သည်။ ဂျွန်ဟောင်းဝပ်သည် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်အဖြစ် လေးကြိမ်ဆက်တိုက် စနေနေ့က ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ လာမည့် မေလ သို့မဟုတ် ဇွန်လတွင် ကျင်းပမည့် ဗြိတိန်ရွေးကောက်ပွဲနှင့် လာမည့် နိုဝင်ဘာလတွင် မဲဆန္ဒပေးရွေးချယ်ရမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အီရတ်စစ်ပွဲနှင့် လုံခြုံရေးဆိုင်ရာများက အဓိကအကြောင်းအရာဖြစ်လာမည်ဟု မျှော်လင့်ထားကြကြောင်း နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း စိတ်ဝင်စားလျက်ရှိသည်။

အီရတ်တွင်ရှိသော ဩစတြေးလျတပ်ဖွဲ့ဝင်များ အရေအတွက်တိုးမြှင့်ရန် မိမိဆောင်ရွက်မည်မဟုတ်ကြောင်းနှင့် ဆွေးနွေးရန်လည်း မိမိပြုလုပ်မည်မဟုတ်ကြောင်း ရွေးကောက်ပွဲပြီးချိန်မှစ၍ ဆစ်ဒနီမြို့တွင်ပြုလုပ်သော သူ၏ ပထမဆုံးသတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်းတံတားစီမံကိန်းများပြီးစီးမှုကြည့်ရှုစစ်ဆေး ၂၀၀၅ ခုနှစ် မတ်လ၌ ဖွင့်ပွဲကျင်းပနိုင်ရေး စီစဉ်ထားမှုများရှင်းလင်းတင်ပြ





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သစ်တက်ကုန်း ရေလွှဲဆည်ရေဝင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၃

**မန္တလေးတိုင်း မန္တလေးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီတွင် ရောဝတီတံတား (ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်းသို့ ရောက်ရှိကြသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့အားရှင်းလင်းဆောင်တွင် မန္တလေးဘက်ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က ရေလယ်တိုင်အမှတ် RP 1 နှင့် RP2 ဆောင်ရွက်ပြီးစီးမှုနှင့် ရေလယ်တိုင်အမှတ် RP4 ကို ဘိုးပိုင်တူးခြင်းလုပ်ငန်း၊မန္တလေးဘက်ကမ်းချဉ်းကပ်လမ်းဖြစ်သောM 1, M2, M3 နှင့် M4 တို့၏ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့်ဘိလပ်မြေနှင့်သံချောင်းများစုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မန္တလေးဘက်ကမ်းရှိ ရေလယ်တိုင် RP3 နှင့် RP4 တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးလိုက်ပါလျက် ရေယာဉ်ဖြင့် မန္တလေးဘက်ကမ်းမှ စစ်ကိုင်းဘက်ကမ်းသို့ တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် စစ်ကိုင်းဘက်ကမ်းရှိ ရေလယ်တိုင် RP7 တည်ဆောက်ပြီးစီးမှု၊ရေလယ်တိုင် RP7 နှင့် RP8 တို့ကို သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ချဉ်းကပ်လမ်း G1 မှ G11အထိ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် သံပေါင်များတပ်ဆင်ရန် ပြင်ဆင်ဆောင်ရွက်လုပ်ကိုင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလယ်တိုင် RP 8 နှင့် ချဉ်းကပ်လမ်း G 1 တို့ကို ကြမ်းခင်းကွန်ကရစ်လောင်းရန် တာဝန်ရှိသူတို့အား မှာကြားသည်။

## မြစ်ငယ်တံတားစီမံကိန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ရန်ကုန်–မန္တလေးလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ်(၁/၄၂၂)တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၂)က တာဝန်ယူတည်ဆောက်သည့် မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးဦးစိုးမင်းက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေ၊ အောက်ခြေ(Sub Structure)အားလုံးပြီးစီးမှု၊ အပေါ်ထည်ပိုင်း (Super Structure)တွင်ပေ ၆၀ လေးခန်းတို့ကို Rc Girder တင်ပြီးမှု အခြေအနေ၊ ပေ ၁၀၀ ခြောက်ခန်းအတွက် Pc Girder ၈၄ လုံးတွင် အလုံး ၂၀ သွန်းလောင်းပြီးစီးမှုအခြေအနေနှင့် Pc Girder များကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလကုန် အပြီးဆောင်ရွက်မည့် အခြေအနေနှင့်၂၀၀၅ခုနှစ် မတ်လတွင် ဖွင့်ပွဲကျင်းပနိုင်ရေး ကြိုးစားလုပ်ဆောင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း ရေလယ်တိုင် P 4, P 5 နှင့် P 6 တို့အားတည်ဆောက်ပြီးစီးမှု၊အပေါ်ထည်ရက်မတင်ခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

## ပင်းချားတံတားစီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ရန်ကုန်–မန္တလေးလမ်းမကြီး မိုင်တိုင် အမှတ်(၄၀၉/၅)၊ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်လျက်ရှိသော ပင်းချားတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က ကျောက်ဆည်ဘက်ခြမ်းရှိ ကမ်းကပ်ခုံ တည်ဆောက် ပြီးစီးမှု၊ ရေလယ်တိုင်နှစ်ခုတွင် ကန့်လန့် ရက်မတင်ရန်လုပ်ငန်းကျန်ရှိနေမှု၊ မန္တလေးဘက်ခြမ်း၌ ကမ်းကပ်ခုံ ကွန်ကရစ်လောင်းခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကမ်းကပ်ခုံနှင့် ရေလယ်တိုင်တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြစ်သားမြို့နယ် မြစ်သား–မြင်းခြံ ကားလမ်းမှ တစ်မိုင်နှစ်ဖာလုံအကွာတွင်ရှိသည့် သစ်တက်ကုန်းရေလွှဲဆည်၏ ရေထိန်းတံခါးသို့ ရောက်ရှိကြပြီး ရေပေးမြောင်းမကြီးအတွင်း ရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

## သစ်တက်ကုန်းရေလွှဲဆည်စစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာအနီး စမုံချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် သစ်တက်ကုန်း ရေလွှဲဆည်သို့ ရောက်ရှိကြပြီး စမုံချောင်း၏ ရေစီးရေလာကောင်းမွန်မှုနှင့် ရေလွှဲဆည်၏ ရေပိုလျှံမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် သစ်တက်ကုန်းရေလွှဲဆည်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ တည်ဆောက်ရေး(၇) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရေသောက် ဧရိယာတိုးချဲ့ရေးစီမံကိန်းဖြစ်သည့် မူလတူးမြောင်းဟောင်းကို အလျား ၁၅ မိုင်ချဲ့ခြင်း၊ အလျား ၁၃မိုင်အရှည်ရှိ တူးမြောင်းသစ် ဖောက်လုပ်ခြင်း၊ ရေသောက်ဧရိယာ ဧက ၆၀၀၀ အထိ တိုးချဲ့မည့် အစီအစဉ်နှင့် တိုးချဲ့စီမံကိန်းပြီးစီးမည့်နှစ်တို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သစ်တက်ကုန်းရေလွှဲဆည်၏ ရေထိန်း တံခါးသို့ ထပ်မံရောက်ရှိကြပြီး ရေထိန်း တံခါးများကို နှစ်ပေအထိ ဖွင့်၍ တူးမြောင်းအတွင်းရေဝင်မှုအခြေအနေနှင့် ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးနိုင်ရေးအတွက် တူးမြောင်းတစ်လျှောက် ရေဝင်မှုနှင့် လက်တံမြောင်းများအတွင်း ရေစီးဝင်မှုအခြေအနေများကို တူးမြောင်းမြေသားပေါင်တစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြစ်သားမြို့နယ် ရွှေမင်းဝန်ကျေးရွာမှ ဒေသခံတောင်သူများ၏ လယ်မြေတွင် သစ်တက်ကုန်းရေလွှဲဆည်မှ ရေကိုအသုံးပြု၍ မနောသုခ မိုးစပါးစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှု စစ်ဆေးပြီး ဒေသခံကျေးရွာသားများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားသည်။

## တိုးမြှင့်စိုက်ပျိုး

ယခင်က အဆိုပါ မြစ်သားမြို့နယ်နှင့် ကျောက်ဆည်မြို့နယ် သစ်တက်ကုန်း တူးမြောင်းတစ်လျှောက် လယ်ယာမြေများတွင် စိုက်ပျိုးရေမရှိခြင်းကြောင့် စပါးအနည်းငယ်သာ စိုက်ပျိုးပြီး ငရုတ်၊ ဝါနှင့် ကြက်သွန်သီးနှံများကိုသာ စိုက်ပျိုးနိုင်ခဲ့ကြရာမှ ယခုအခါ သစ်တက်ကုန်းရေလွှဲဆည်၏ တူးမြောင်းမှတစ်ဆင့် စိုက်ပျိုးရေရရှိမှုကြောင့် မိုးစပါးစိုက်ပျိုးအောင်မြင်ရုံသာမက နွေစပါးနှင့် ကျန်သီးနှံများကိုပါ တိုးမြှင့်စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



# စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ လုပ်ငန်းခွင်အကြိုသင်တန်းဆင်းပွဲတက်ရောက်ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၃

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၊ သင်တန်းခန်းမဆောင်၌ကျင်းပသည့် ပြန်တမ်းဝင်အရာရှိအသစ်များ လုပ်ငန်းခွင်အကြိုသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

သင်တန်းဆင်းပွဲသို့ စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းဆင်းပွဲတွင် ဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အကြိုဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ်(၁၆)တွင် စံပြသင်တန်းသူဆု၊ သင်တန်းသူစာပေပထမဆု၊ သင်တန်းသားစာပေပထမဆုနှင့် ဒုတိယဆုများရရှိပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသော သင်တန်းသား အရာရှိသစ်များအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါသင်တန်းသို့ ဓာတုအင်ဂျင်နီယာတွဲ့ရ သင်တန်းသား ၁၇ ဦး၊ စက်မှုအင်ဂျင်နီယာတွဲ့ရ သင်တန်းသားရှစ်ဦး၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာတွဲ့ရ သင်တန်းသားတစ်ဦး၊အီလက်ထရွန်နစ်အင်ဂျင်နီယာတွဲ့ရ သင်တန်းသားလေးဦး စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ကုန်ထုတ်လုပ်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးစစ်ဆေးရေးနှင့်ပတ်သက်သည့် ဘာသာရပ်များ၊ လောင်စာဆီများနှင့် ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်ပုံအဆင့်ဆင့် ဘာသာရပ်များ၊ Machinery and Equipment နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အထွေထွေစီမံခန့်ခွဲရေး၊ လုပ်ငန်းခွင်စည်းကမ်းဆိုင်ရာများတို့ကို သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စံပြကျေးရွာ အုပ်စု အာယုဒီဃ ပျိုးဥယျာဉ်စာသင်တိုက်ကြီးတွင် အောက်တိုဘာ ၂၀ရက်မှ ၃၁ရက်အထိ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲနှင့် မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီသုံးမြို့နယ်မှ ဆရာတော်ကြီးများပါဝင်သော ပျဉ်းမပင် သုဓမ္မာရာပြည့် မဟာပဝါရဏာပြု သံဃာ့ပူဇော်ပွဲကြီး ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပြုကြည်ညိုသဒ္ဒါပွားများ လှူဒါန်းလိုသော တပည့်ဒါယကာ ဒါယိကာမများအနေဖြင့် ဥက္ကဋ္ဌ ဖုန်း–၆၃၉၅၀၁၊ အတွင်းရေးမှူး ဖုန်း–၆၃၉၅၀၂၊ ရုံးအဖွဲ့ ဖုန်း–၆၃၉၅၀၃နှင့် ၆၃၆၀၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# အချိန်အခါမဟုတ် မိုးရွာမည်

ရန်ကုန် အောက်တိုဘာ ၁၃

**ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

# သာကေတအထက(၁) အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

သာကေတအထက(၁)မှ၂၀၀၃–၂၀၀၄ခုပညာသင်နှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက် (စနေနေ့)နံနက်၉နာရီတွင် အထက(၁) မြဝတီဆောင်တွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၃–၂၀၀၄ ပညာသင်နှစ် အထက(၁)သာကေတမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ကြသော ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုသူများသည် မဆွေဆွေရီ ဖုန်း–၅၆၅၇၅၉၊ မောင်အောင်မျိုးသက် ဖုန်း–၂၉၂၃၄၄နှင့် မောင်အောင်မျိုးမင်း ဖုန်း–၅၄၅၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ❒ ကျောဖုံးမှ

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူ များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် အောက်တိုဘာ၁၀ရက် နံနက် ၈နာရီတွင် မူဆယ်မြို့ ဟိုမွန်းရပ်ကွက် လားရှိုး-မူဆယ် ကားလမ်းရှိ မူဆယ်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံးသို့ ရောက်ရှိကြရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များက ကြိုဆိုကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မူဆယ်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မူဆယ်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းနှင့် ခရိုင်စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ဗိုလ်မှူးအက်စ်နှင်းအောင် (အငြိမ်းစား)တို့က ရုံးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မူဆယ်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

### ဒေသခံများနှင့်တွေ့ဆုံ

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် နံနက်၈နာရီ၁၅မိနစ်တွင်မူဆယ်မြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ရှေးဦးစွာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက မူဆယ်ခရိုင်၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိမှု၊ စီးပွားရေးလုပ်ငန်းများ၊ မြေအသုံးချမှုအခြေအနေ၊ နွေစပါးနှင့် မိုးစပါး စိုက်ပျိုးထွက်ရှိမှုနှင့် ဒေသဝမ်းစာ ဖူလုံရုံမျှမက ပိုလျှံစွာထွက်ရှိနေမှုအခြေအနေ၊ ဆင်းရွှေလီစပ်မျိုးစပါးထုတ်လုပ်မှု၊ နှစ်ရှည်ပင်စိုက်ပျိုးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### အခြေခံကောင်းများခိုင်မာ

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရသည် နိုင်ငံတော်ကို လုံခြုံအောင်၊ တည်ငြိမ်အောင်၊ တရားဥပဒေ စိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာအောင် ပထမဦးစားပေး ဆောင်ရွက်ခဲ့ရာ ယခုအခါ မိမိတို့နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးပြီး ရပ်ရွာ အေးချမ်းသာယာမှု စသည့် အခြေခံကောင်းများ ခိုင်မာစွာ ရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးပြီး လုံခြုံမှုရှိလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစသည့် စီမံကိန်းကြီး သုံးခုချမှတ်ပြီး နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

### အားလုံးသိမြင်ခံစားရ

နယ်စပ်ဒေသများမှာ တစ်ချိန်က လုံခြုံမှု၊ အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု မရှိခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရာ မိမိတို့ တပ်မတော်အစိုးရ လက်ထက်ကျမှသာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုရှိလာပြီး နယ်မြေအေးချမ်းတည်ငြိမ်မှု ရရှိလာသည့်အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နယ်စပ်ဒေသများသည် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံးသိမြင်ခံစားနေကြရပြီဖြစ်ကြောင်း။

ယင်းသို့ နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း အားလုံးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များကို ထိထိရောက်ရောက် မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများသည် အဓိကအရေးကြီးကြောင်း။

### ကာကွယ်စောင့်ရှောက်

ထို့ကြောင့် နယ်စပ်ဒေသများ အပါအဝင် ဒေသအသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းတာဝန်များကို ရည်မှန်းချက်ရှိရှိ၊ ထိထိရောက်ရောက် ကျေကျေပွန်ပွန် ထမ်းဆောင်ကြရန် လိုအပ်သည့်အပြင် နိုင်ငံတော်ကြီး စည်းစည်းလုံးလုံးနှင့် ကမ္ဘာတည်သရွေ့ အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို အသက်ထက်ဆုံး ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း ၁၅ဦးတို့အား ဂုဏ်ပြုထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရာ စစ်မှုထမ်းဟောင်းများကိုယ်စား တပ်ကြပ်ကြီး သန်းညွန့်(အငြိမ်းစား)က လက်ခံရယူပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့ဟိုမွန်းရပ်ကွက်ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် အထူးအထွက်တိုး ကြံစံပြဧက ၁၀၀စိုက်ခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင် မန်နေဂျာ ဦးနိုင်ကြည်ဝင်းက ကြံစိုက်ပျိုးမှု၊ ကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအခြေအနေ၊ ကြံထွက်ရှိမှုစသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နွေရာသီတွင် ရေပေးစိုက်ပျိုးရေး၊ ကြံအထွက်နှုန်း တိုးတက်ရေးအတွက် နည်းပညာ ဖြန့်ဝေပေးရေး၊ မျိုးရောင်းချရေး စသည်တို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

### ကြံ ၁၈၀၈ကေစိုက်ပျိုး

အဆိုပါ အထူးအထွက်တိုးကြံ စံပြဧက ၁၀၀စိုက်ခင်းမှ တစ်ဧကကြံတန် ၄၀ထွက်ရှိပြီး ပထမနှစ်တွင် ငွေကျပ် ၃၃၀၀၀၀၊ ဒုတိယနှစ်တွင် ငွေကျပ် ၄၀၀၀၀၀ အမြတ်ငွေရရှိခဲ့ကြောင်းနှင့် မူဆယ်ခရိုင်အတွင်းကြံ ၁၈၀၈ကေ စိုက်ပျိုးထားကြောင်းသိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ရှုရပ်မျှော်စင်မှ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသည့်သက်တမ်း ငါးလသား ကြံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မိုင်းယုရွာရှိ ၁၀၅မိုင်စခန်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က အခွန်အခများ ကောက်ခံရရှိမှုအခြေအနေ၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ပို့ကုန်များ တိုးတက်တင်ပို့မှုအခြေအနေ၊ ပို့ကုန်အများဆုံး တင်ပို့သည့်ကုန်ပစ္စည်းများ၊ သွင်းကုန်အများဆုံး တင်သွင်းသည့် ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ကျေပွန်စွာထမ်းဆောင်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မှာကြားရာတွင် နိုင်ငံတော်အစိုးရက နိုင်ငံ့တာဝန်ကိုထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန်နှင့် ပူပင်ကြောင့်ကြမှု ကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်နိုင်စေရေးအတွက် လစာ၊ စရိတ်နှင့် ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များကို ခံစားခွင့် ပြုထားကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ အနိမ့်ဆုံး တာဝန်မှာ မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို တက်ကြွ ကျေပွန်စွာ ထမ်းဆောင်ကြရန်ဖြစ်ကြောင်း။

နိုင်ငံ့ တာဝန်ထမ်းဆောင်နေကြရသည့် ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများ၊ စီမံချက်များ၊ စီမံကိန်းများကို အောင်မြင်ဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်၏ ယန္တရားကြီးကို မှန်မှန်လည်ပတ် မောင်းနှင်နိုင်အောင် ဆောင်ရွက်ပေးနေကြရသူများ ဖြစ်သဖြင့် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်နေကြရသူများ ဖြစ်ကြသည့်အတွက် မိမိတို့၏ စိတ်ဓာတ်နှင့် ခံယူမှုအပိုင်း၊ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာစောင့်စည်းမှုအပိုင်း၊ ဥပဒေ၊စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှုအပိုင်း၊ လုပ်ငန်းဆိုင်ရာ အတတ်ပညာပိုင်းတို့၌ ပြည့်စုံအောင်၊ အရည်အသွေးပြည့်မီအောင် လေ့ကျင့်ထိန်းသိမ်းပျိုးထောင်နေကြရန် အရေးကြီးကြောင်း။

အထူးသဖြင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာရေးအတွက် အကျင့်၊ သီလ၊ သမာဓိ တည်ကြည်ခိုင်မြဲမှု အဂတိ တရားလေးပါး၊ တံစိုးသုံးပါးကင်းစင်ပြီး စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာမှု၊ ငွေကြေးဥစ္စာထက် ဖြောင့်မတ်မှန်ကန် ရိုးသားမှုကို အခြေခံသည့် အပြုသဘောအမြင်ရှိမှု စသည့်မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများဖြင့် ပြည့်ဝခိုင်မာစေရန် မိမိကိုယ်မိမိ အမြဲမပြတ် လေ့ကျင့်ပျိုးထောင်နေကြရမှာဖြစ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်

ထို့ပြင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်ရေး လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် သိန်နီမြို့နယ် နမ့်စလမ်ကျေးရွာအုပ်စု ဆင်းရွှေလီ အထူးအထွက်ကောင်း စပါးတစ်ဧက တင်း ၂၀၀ ကျော် ထွက်ရှိရေး စံပြဧက ၂၀ စိုက်ခင်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ သိန်နီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သိန်နီမြို့နယ် ဒေသဝမ်းစာ စပါးဖူလုံမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### တက်တက်ကြွကြွပူးပေါင်းပါဝင်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒေသနေပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့တို့က စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် အဓိက အကျဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အတွက် နိုင်ငံတော်အစိုးရက နှစ်တို၊ နှစ်ရှည် ပညာရေးစီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိရာ အဓိကကျသည့် ကျောင်းဆရာ ကျောင်းဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းစဉ်များအားလုံး အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးစသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။



**အောက်တိုဘာ ၁၀ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်း ပြည်ပမှလှူဒါန်းကြသော ပဒေသာပင် အလှူရှင်များ၏ (၂၉)ကြိမ်မြောက် ရေစက်ချ အလှူမင်္ဂလာနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဆေးရုံကြီး ဝေဇယန္တာဆောင် ခန်းမတွင် ကျင်းပစဉ်။**

**(က-ပ)**

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒေသခံ တောင်သူ လယ်သမားကြီးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် နမ့်စလမ် ကျေးရွာအုပ်စု တစ်ဧကတင်း ၂၀၀ ထွက်ရှိရေး ဆင်းရွှေလီအထူးအထွက် ကောင်းစပါးခင်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယခု စိုက်ပျိုးထားသည့် ဆင်းရွှေလီ အထူးအထွက်ကောင်းစပါး စိုက်ခင်းမှာ စပါးပင်အမြင့် ၄ပေ ၆ လက်မရှိပြီးတစ်နံ့လျှင် စပါးအောင်စေ့ ၂၁၀ ရှိသည်။ တစ်ပင်လျှင် အပင်ပွား ငါးပင်ပေါက်ပြီး ရိတ်သိမ်းချိန်တွင် တစ်ဧကစပါးတင်း ၂၀၀ ကျော်ခန့် ထွက်ရှိမည်ဟု ခန့်မှန်းကြောင်း သိရှိရသည်။

သိန်နီမြို့နယ်အနေဖြင့် ဆင်းရွှေလီမိုးစပါး ဧက ၁၂၀၀၀ အပါအဝင် မိုးစပါးဧက ၁၆၅၄၄ဧက စိုက်ပျိုးခဲ့သည်။ နွေစပါးကို ဧက ၂၅၃၀ စိုက်ပျိုးရန် ရည်မှန်းလျာထားပြီး ကျေးရွာအုပ်စု ၁၇အုပ်စုမှ တောင်သူ ၈၂၃ ဦးတို့က လာမည့် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်စိုက်ပျိုးမည်ဖြစ်ရာ မြို့နယ်စိုက်ပျိုးရေးအဖွဲ့က ကူညီပံ့ပိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သိန်နီမြို့ရှိ နယ်မြေခံတပ်သို့ ရောက်ရှိကြပြီး အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ညနေ၄နာရီတွင် နယ်မြေခံတပ်နယ် အစည်းအဝေးခန်းမ၌ သိန်နီတပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

### ကြိုးပမ်းစွမ်းဆောင်

အခမ်းအနားတွင် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဒို့တာဝန်အရေး(၃)ပါးကို အစွန့်ရှည် တည်တံ့ရေးအတွက် ဦးလည်မသုံ ကြိုးပမ်းစွမ်းဆောင်ကြရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာ တာဝန်ထမ်းဆောင်ရေး စသည်တို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ လာရှိုးမြို့နယ်ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံမျိုးစေ့ထုတ်လုပ်ငန်း၊ ပျားလိမ္မော်၊ မက္ကဒေးမီးယား၊ ကော်ဖီ၊ ဆင်းရွှေလီမိုးစပါး၊ ဆင်းရတနာယာစပါး၊ မြေပဲ၊ ပဲပုပ်၊ ပဲစင်းငုံ၊ နေကြာ ကုန်းမြင့်ယာမြေတစ်ဧက ၁၀၀၀စံပြစိုက်ခင်းစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သက်တမ်းသုံးနှစ်သားရှိ သစ်ဆိမ့်ဧက ၅၀စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကက်တီမိုးကော်ဖီ၊ မက္ကဒေးမီးယားပျိုးဥယျာဉ်ရှိ ကက်တီမိုးကော်ဖီပျိုးပင်၄၅၀၀နှင့် မက္ကဒေးမီးယားပျိုးပင် ၄၅၀၀ ပျိုးထောင်ထားမှု၊ ဘိန်းအစားထိုး မက္ကဒေးမီးယားနှင့် ဆင်းရွှေလီ ပျားလိမ္မော်စိုက်ခင်း၌ မက္ကဒေးမီးယားပင် ၃၅၀၀နှင့် ဆင်းရွှေလီ ပျားလိမ္မော်ပင် ၂၀၀၀စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ငါးမွေးမြူရေးကန် ၁၀ ကန်၌ တီလားပီးယား၊ ငါးကြင်းနှင့် ငါးခုံးမအကောင် ၆၀၀၀၀ မွေးမြူထားမှု၊ ရာသီသီးနှံနှင့်စင်တင် သီးနှံစိုက်ခင်း၌ ရာသီသီးနှံနှင့် စင်တင်သီးနှံများ စိုက်ပျိုးထားမှုတို့ကိုကြည့်ရှုစစ်ဆေးကြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည်ကုန်းမြင့်ယာမြေ(၁) ဧက ၁၀၀၀၌ စိုက်ပျိုးထားသည့်စိုက်ပျိုးသီးနှံများကို နွေရာသီတွင် စိုက်ပျိုးရေလုံလောက်စွာနှမ်မြင့်စနစ်ဖြင့် အလိုအလျောက်ရေပေးဝေနိုင်ရန် တည်ဆောက်ထားသည့်ဂါလန် နှစ်သိန်းဆံ့ အရန်ရေလှောင်ကန်နှင့် အဆိုပါ ရေလှောင်ကန်သို့ စက်အင်အားမသုံးဘဲ ရေဖိအားသုံး ဟိုက်ဒရမ်(Hydrum) စနစ်ဖြင့် ရေတင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား ရှင်းလင်းဆောင်၌ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က စိုက်ပျိုးထွက်ရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ တစ်နှစ်သုံးသီး၊ စပါးနှစ်သီးနှင့်ရာသီသီးနှံတစ်သီး၊ ဧက၅၀ စံပြစိုက်ခင်း၌ သက်တမ်း၅၂ရက်ရှိ ဆင်းရွှေလီစပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**



**ဆက်ကပ်လှူဒါန်း**

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အောက်တိုဘာ ၁၁ ရက်က ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပုသိမ်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော် လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုပြီး သက်တော်(၉၁)နှစ်ရှိ ညောင်ပင်သာကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍလအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

**(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပစ္ဆိမာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဇာဂရိယအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက အဖွဲ့ဝင်ဆရာတော်ကြီးများနှင့် မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်းတို့မှ ပင့်ဖိတ်တော်မူထားသည့် ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းမှ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဘာသာရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာ ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သက်တော်(၉၁)နှစ်ရှိ ညောင်ပင်သာကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ထေရ်ကြီး ဝါကြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧည့်ပရိသတ်က ပုသိမ်မြို့ ညောင်ပင်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝိသုတထံမှ သာဓုအနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ပုသိမ်မြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်အိတ် ၂၀၀၊ သင်္ကန်း ဒွိစုံ ၂၀၀ နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဦးချို့နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုသိမ်တက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပုသိမ်တက္ကသိုလ်စုဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပုသိမ်တက္ကသိုလ်၌ သင်ကြားပို့ချနေသော ဘာသာရပ်များ၊ ပုသိမ်တက္ကသိုလ်နှင့် ပြည်ပပညာရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ တက္ကသိုလ်ရှိ IT Center Room များ ဖွင့်လှစ်ထားရှိမှု၊ ဝန်ထမ်းအင်အားနှင့် သင်ကြားရေးလုပ်ငန်းများ အခြေအနေ၊ တည်ဆောက်ဆဲလုပ်ငန်းများအခြေအနေ၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်ကျောင်းဝင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက တက္ကသိုလ်၏ သင်ကြားစီမံကိန်းစွရပ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို စီမံ ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဖြစ်ထွန်းစေရေးအတွက် တက္ကသိုလ်များ၊ ကောလိပ်များကို ပြည်နယ်၊ တိုင်းဒေသများအားလုံး၌ တိုးချဲ့ ထူထောင်ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

## တိုးချဲ့ဖွင့်လှစ်

တစ်ချိန်တည်းမှာပင် တက္ကသိုလ်ကောလိပ်များ၌ ပညာရပ်အလိုက် ဘာသာရပ်များ တိုးချဲ့သင်ကြားပေးလျက်ရှိသကဲ့သို့ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် အဆင့်မြင့် ပညာတိုးတက်ဖြစ်ထွန်းမှုများနှင့် လိုက်လျောညီထွေစွာ ဆရာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်စေရန်နှင့် ပညာရှင်များ ခါးဆက်မပြတ်စေရန်အတွက်ကိုလည်း စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## ယှဉ်တွဲအကောင်အထည်ဖော်

အထူးသဖြင့်လွန်ခဲ့သည့် လေးနှစ်ခန့်ကစတင်ပြီး မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းကို အရှေ့တောင်အာရှရှိ ပညာရေး၌ ရှေ့တန်းရောက်နေသည့် နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရေး ရည်မှန်းချက်ဖြင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ၌ တက္ကသိုလ်များ၊ ကောလိပ်များတွင် ခေတ်မီအီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများ၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းကိရိယာများ၊ အဆင့်မြင့်သုတေသန လုပ်ငန်းဆိုင်ရာ ပစ္စည်းကိရိယာများ အပါအဝင် နိုင်ငံတကာအဆင့်မီ သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို ဦးစားပေး ဖြည့်ဆည်းပေးခဲ့သလို ဆရာများ၏ ပညာရည်မြင့်မားရေး အစီအမံများ၊ ပညာရှင်များမွေးထုတ်ရေးအစီအမံများကိုပါ ယှဉ်တွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း လုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ အောင်မြင်ဖြစ်ထွန်းလာခဲ့သော်လည်း ရည်မှန်းချက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်ဖွယ်လုပ်ငန်းများ များစွာရှိသေးကြောင်း။

## ပိုမိုကြိုးပမ်းအားထုတ်

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ တက္ကသိုလ်များအနေဖြင့် နိုင်ငံတကာ တက္ကသိုလ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ အပြန်အလှန် ပညာသင်စေလွှတ်မှု အစီအစဉ်များ၊ ပူးပေါင်းသုတေသနပြုမှု အစီအစဉ်များ၊ ပြည်ပတက္ကသိုလ်များမှ ဆရာများ လာရောက်သင်ကြားပို့ချသည့် အစီအစဉ်များကို စီစဉ်ဆောင်ရွက်လျက်ရှိနေရာ မိမိတက္ကသိုလ်၏ ပညာရည် အဆင့်အတန်းမြင့်မားမှု၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိစေရန် နိုင်ငံတော်အစိုးရက စီမံဖြည့်ဆည်းပေးနေသကဲ့သို့ တက္ကသိုလ်ဆရာ ဆရာမများကလည်း မိမိတို့ဆောင်ရွက်ဖွယ်ရာများကို ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုသိမ်တက္ကသိုလ်၌ တည်ဆောက်နေသည့် ဘွဲ့နှင်းသဘင်နှင့်စာကြည့်တိုက် အဆောက်အအုံဒီဇိုင်းပုံစံများကို ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်နှင့် ဘွဲ့နှင်းသဘင်အဆောက်အအုံများကို ခန့်ညားထည်ဝါစွာဖြင့် အဆင့်အတန်းမီစွာ တည်ဆောက်သွားရန်တာဝန်ရှိသူများအား မှာကြားပြီး ဆရာဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်တက္ကသိုလ် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာန (Biotechnology Development Center)သို့ သွားရောက်၍ ပုသိမ်တက္ကသိုလ်နှင့်ဂျပန်နိုင်ငံ National Institute of Technology and Evaluation(NITE)တို့အကြား ဇီဝနည်းပညာနှင့် အဏုဇီဝသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုကြသည်။

ပုသိမ်တက္ကသိုလ် ဇီဝနည်းပညာ ဖွံ့ဖြိုးရေးဌာနကို ၂၀၀၄ခုနှစ် မေ ၁၅ ရက်တွင် ဆောက်လုပ်ခဲ့ပြီး National Institute of Technology and Evaluation(NITE)က ကူညီပံ့ပိုးပေးသော ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဂျပန်နိုင်ငံ NITE မှ ပညာရှင်များနှင့် ပုသိမ်တက္ကသိုလ်မှ ဆရာ ဆရာမများ ပူးပေါင်းလျက် မြေကြီးများနှင့်အပင်များမှ အဏုဇီဝဆိုင်ရာ ဇီဝနည်းပညာဖြင့် ဆေးဝါးထုတ်လုပ်ခြင်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးအတွက် အသုံးဝင်သော အဏုဇီဝသက်ရှိများကို ရှာဖွေသုတေသနပြုခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့သုတေသနပြုတွေ့ရှိချက်များ၏ ရလဒ်အဖြစ် ဆန်၊အာလူး၊ ပြောင်းဖူး၊ ပီလောပီနံတို့မှဂလူးကို့ ထုတ်လုပ်နိုင်သော အဏုဇီဝသက်ရှိ ၂၆ မျိုးကို မြေဆီလွှာမှ ရှာဖွေဖော်ထုတ်နိုင်ခြင်း၊ စပါးတွင်ကျရောက်သော ရွက်ဖျားခြောက်ရောဂါပိုးကို ဇီဝနည်းပညာဖြင့် ထိန်းချုပ်နှိမ်နင်းနိုင်သည့် အဏုဇီဝသက်ရှိငါးမျိုးကိုတွေ့ရှိခြင်း၊ သွေးတိုးကျဆေး၊ လေးဖက်နာရောဂါကုသဆေး၊ အသည်းရောဂါ ဘီပိုးအတွက်ကုသဆေးများစသည့် အဏုဇီဝသက်ရှိ ၁၈၃၅ မျိုးကို သုတေသနပြုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

## ပုသိမ်တံတား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပုသိမ်တံတားတည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်း အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက တံတား၏တည်နေရာ၊ တံတားတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ၊ ပုသိမ်ဘက်ကမ်းနှင့်ကမ်းနီဘက်ကမ်းတို့၌ ကမ်းကပ်ခုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

## စံချိန်စံညွှန်းမီ

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီစွာဖြင့်ပြီးစီးသွားရန် ကြိုးပမ်းဆောင်ရွက်သွားကြရေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပုသိမ်တံတားရေလယ်တိုင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့်အဖွဲ့ဝင်များအား ပုသိမ်-ငွေဆောင်ကားလမ်းနှင့် ပုသိမ်-ချောင်းသာကားလမ်း အခြေအနေများနှင့်စပ်လျဉ်း၍ တိုင်းမှူးက မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုသိမ်တံတားကြီးဖွင့်လှစ်ချိန်တွင် ချဉ်းကပ်လမ်းများပါ တစ်ပြိုင်တည်းပြီးစီးရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ပုသိမ်တံတားသည် ငဝန်မြစ်ကိုဖြတ်ကျော်၍ ငဝန်မြစ်၏အရှေ့ဘက်ကမ်း မရမ်းချောင်းရွာနှင့် အနောက်ဘက်ကမ်းကမ်းနီရွာတို့ကို ဆက်သွယ်လျက် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်၌ တည်ရှိသည်။ တံတားအမျိုးအစားမှာအပေါ်ထည် သံပေါင်ကြိုးတံတား၊ သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်၊ အုတ်မြစ်သံကူကွန်ကရစ်လွန်တူးပိုင်ဖြစ်ပြီး ပေ ၂၁၄၀ရှည်မည့်တံတားဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် တစ်ဖက်လျှင် လေးပေစီရှိ လူသွားလမ်းတို့ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ်မှာ မူလမြစ်အကျယ်ဖြစ်သည့် ပေ ၈၄၀ နှင့် အမြင့်မှာ ၃၃ ပေ ဖြစ်ပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၇၅ တန်ဖြစ်ကြောင်း သိရသည်။

## ပိုမိုတိုးတက်မြင့်မား

ပုသိမ်တံတား တည်ဆောက်ပြီးစီးသွားပါက ငဝန်မြစ်အနောက်ဘက်ကမ်းခြေ ဒေသများဖြစ်သော ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေနှင့် သာပေါင်းစသော ဒေသများသို့ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ပင်လယ်ရေလုပ်ငန်းထွက်ကုန်၊ လယ်ယာထွက်ကုန်များကို ရန်ကုန်မြို့နှင့်တကွ ဒေသအနှံ့အပြားသို့ လွယ်ကူလျင်မြန်စွာ တင်ပို့ဆက်သွယ်သွားလာနိုင်ခြင်းဖြင့် စီးပွားရေး၊ လူမှုရေးအဆင့်အတန်းများ ပိုမိုတိုးတက်မြင့်မားလာမှာဖြစ်ကြောင်း သိရသည်။

## အစိုးရကွန်ပျူတာကောလိပ်

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါက်တာ စပယ်ဖြူနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် အစိုးရကွန်ပျူတာကောလိပ် ဧရာရွှေဝါခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာစပယ်ဖြူက ကျောင်း၏နောက်ခံသမိုင်း၊ ပညာသင်ကြားပေးနေမှုအခြေအနေ၊ သင်ကြားလျက်ရှိသော ဘာသာရပ်များ၊ သင်ထောက်ကူပစ္စည်းများထားရှိမှုအခြေအနေ၊ ကျောင်းဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် စီမံဖြည့် ဆည်းဆောင်ရွက်ပေးသည်။

## လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်အစိုးရကွန်ပျူတာကောလိပ်၌

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

စာမျက်နှာ ၇ မှ

ကျောင်းသား ကျောင်းသူများ၏ ကွန်ပျူတာ ပညာရပ်များသင်ယူ လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပုသိမ်အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

## ကြိုးပမ်းဆောင်ရွက်

ယင်းနောက် Seminar Room ၌ ကျောင်းအုပ်ကြီး ဦးငွေအောင်က ကျောင်း၏တည်နေရာ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုအခြေအနေ၊ သင်ကြားစီမံကိန်းရပ်များ၊ ပညာရည် တိုးတက်မြင့်မားရေးအတွက် ဝန်ကြီးဌာန၏ ဖြည့်ဆည်းဆောင်ရွက်ပေးချက်များ၊ ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်း၏ခံ့ညားထည်ဝါမှုနှင့်အတူ ကျောင်းအဝင်လမ်းများ ကောင်းမွန်ရန် ဆောင်ရွက်သွားရေး၊ ကျောင်း၏တိုးတက်ရာတိုးတက်ကြောင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ အစိုးရနည်းပညာကောလိပ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ Assembly Hall ကို ကြည့်ရှုစစ်ဆေးပြီး ခန်းမကြီးအတွင်း ဆောင်ရွက်ဖွယ်ရာများကို တာဝန်ရှိသူများအား မှာကြားသည်။

အစိုးရနည်းပညာကောလိပ်(ပုသိမ်)၌ ကျောင်းသား ၅၀ ဆံ့ စာသင်ခန်း အခန်း ၂၀ ပါရှိပြီး ယခုအခါ ကျောင်းသား ကျောင်းသူ ၆၅၀ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

## တိုင်းပြည်သူ့ဆေးရုံ

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ တိုင်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းအောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်တင်နှင့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံရှိ အမျိုးသမီးဖျားနာဆောင်၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသဆောင်(Intensive Care Unit)၊ ဓာတ်မှန်ဌာန(Department of Radiology)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

## တွေ့ဆုံမှာကြား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ မြို့တော်ခန်းမသို့ ရောက်ရှိကြပြီး တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပုသိမ်ခရိုင်၊ မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်း၏ အကျယ်အဝန်း၊ စီးပွားရေးတိုးတက်မှုအခြေအနေ၊ တိုင်းအတွင်းမြေအသုံးချမှု၊ မိုးစပါး ဧက ၃၆ သိန်း ပြည့်မီရန် နှစ်အလိုက်ရည်မှန်းချက်ထား ဆောင်ရွက်မှု၊ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးမှုနှင့် နွေစပါးစိုက်ပျိုးမှု၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ဆည်တမံများနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများပြီးစီးပါက တိုးတက်လာမည့် ရေသောက်ဧရိယာများ အခြေအနေကိုလည်းကောင်း၊ ငါးကန်ဧက တစ်သိန်းပြည့်မီရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်နေမှု၊ ငါး၊ ပုစွန်၊ ဝက်၊ ဒေသကြက်များမွေးမြူထားရှိမှုနှင့် အသားထုတ်လုပ်မှုအခြေအနေတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်း၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် တိုင်းအတွင်း စက်မှုဇုန်များမှ စက်ပစ္စည်းထုတ်လုပ်မှု အခြေအနေတို့ကိုလည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်၊ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွင်ဋ္ဌေးတို့က ခရိုင်အတွင်းရှိ မြို့နယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့် ပတ်သက်ပြီး လုပ်ငန်းအလိုက် စိစစ်မေးမြန်း၍ ဆောင်ရွက်ပေးသင့်သည်များကို ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အောက်တိုဘာ ၁၁ ရက်က ပုသိမ်မြို့ အစိုးရကွန်ပျူတာကောလိပ်၌ ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းရှစ်ကျောင်းနှင့် ရွှေမြင်တင်အခြေခံပညာအထက်တန်းကျောင်းတို့အတွက် သင်ကြားရေးအထောက်အကူပြု ၂၁လက်မ ရုပ်မြင်သံကြားစက်များကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီးများက တစ်ဦးချင်း လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းတင်ပြချက်များအပေါ်အခြေခံပြီး ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

## ဦးစားပေးဖြည့်ဆည်း

ယမန်နေ့ကလည်း သာပေါင်း၊ လပွတ္တာနှင့် ငပုတောမြို့နယ်များသို့ သွားရောက်၍ ဒေသမှတင်ပြသည့် ဖွံ့ဖြိုးရေးလိုအပ်ချက်များအားလုံးနီးပါးကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အထူးသဖြင့် ဒေသ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များကို ဦးစားပေး ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

အဓိကအားဖြင့် ဧရာဝတီတိုင်း၏ လိုအပ်ချက်ဖြစ်သော တယ်လီဖုန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် တိုင်းတစ်ခုလုံးကို လွှမ်းခြုံပြီး မြို့နယ်များအားလုံးတွင် အော်တိုတယ်လီဖုန်းကွန်ရက်များ ဆက်သွယ်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံချက်များချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

## အပြည့်အဝဖြစ်ထွန်း

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ဧရာဝတီတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးမှာ ထူးထူးခြားခြား တိုးတက်ကောင်းမွန်လာပြီဖြစ်သကဲ့သို့ မကြာမီကာလတွင် တယ်လီဖုန်းဆက်သွယ်ရေးပါ အပြည့်အဝဖြစ်ထွန်းလာတော့မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနေရသည့်အပြင် ယခုကဲ့သို့ ဒေသတစ်ခုချင်းအလိုက် အဓိက လိုအပ်ချက်များကိုသာ ဦးစားပေးပံ့ပိုးဖြည့်ဆည်းပေးနေရသဖြင့် တစ်နိုင်ငံလုံး၏လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် ခက်ခဲပါကြောင်း။

၁၉၈၈ခုနှစ်တွင် မိမိတို့ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရစဉ်က နိုင်ငံတော်အတွင်း၌ လမ်း၊ တံတား၊ ဆည်၊ တမံ၊ ရထားလမ်း၊ လေယာဉ်ကွင်း၊ စက်ရုံအလုပ်ရုံများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အနည်းအကျဉ်းသာရှိသည့်အပြင် နိုင်ငံတော်၏စီးပွားရေးမှာလည်း အခြေအနေအရပ်ရပ်ကြောင့် နိမ့်ကျနေသည်ဟု ဆိုနိုင်ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်လျှင်လည်း နိုင်ငံတော် တစ်ဝန်းလုံး၌ တက္ကသိုလ်ကောလိပ် ၃၂ခုသာ ရှိနေခဲ့ကြောင်း။

## အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

မိမိတို့ နိုင်ငံတော်အစိုးရလက်ထက်တွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေခံကောင်းများ ဖြစ်ထွန်းလာရေးနှင့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးတို့အတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးမှု အစီအမံများကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလာခဲ့ကြောင်း။

သို့ဖြစ်၍ ယခုအချိန်အခါတွင် တက္ကသိုလ် ကောလိပ်ပေါင်း ၁၅၆ ခု၊ ဆေးရုံကြီးပေါင်း ၇၇၆ ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

## မျက်မြင်ကိုယ်တွေ့

မိမိတို့ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းဆောင်တာများမှာ ထုထည်ပမာဏ ကြီးမားကျယ်ပြန့်လှသော်လည်း နေ့မအား ညမနား အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၁၅ နှစ်ကျော် ၁၆ နှစ်ခန့်ကာလအတွင်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မှာ ယခင်အခြေအနေများနှင့် နှိုင်းစာလျှင် သိသာထူးခြားစွာ တိုးတက်ဖြစ်ထွန်းလာခဲ့သည်မှာ မည်သူမျှ ငြင်းမရနိုင်သည့် မျက်မြင် ကိုယ်တွေ့များပင်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းတွင် ယခင်ခေတ်ကာလက ရန်ကုန်–ပုသိမ်ခရီးမှာ ရေလမ်းဖြင့် ၁၈ နာရီမျှ ညအိပ်လာခဲ့ရသည့်အပြင် နယ်မြေတည်ငြိမ်အေးချမ်းမှုလည်း မရှိခဲ့သည်ကို အားလုံးအမှတ်ရကြမှာဖြစ်ကြောင်း။

## တံတားပေါင်းများစွာပေါ်ထွန်း

ယခုအခါတွင် ရန်ကုန်–ပုသိမ်ခရီးကို မော်တော်ယာဉ်ဖြင့် သုံးနာရီခန့်မျှဖြင့် အချိန်မရွေးလာရောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ဧရာဝတီတိုင်း တစ်ခွင်လုံး ကုန်းလမ်းမှ လျင်မြန်ချောမွေ့စွာသွားလာနိုင်စေရအောင် ဗိုလ်မြတ်ထွန်းတံတားကြီးအပါအဝင် မြစ်ကူးချောင်းကူးတံတားပေါင်း မြောက်မြားစွာ တည်ဆောက်ပေးခဲ့ရကြောင်း၊ ငဝန်တံတား၊ မြောင်းမြတံတား၊ ဝါးခယ်မတံတား၊ ရွှေလောင်း တံတား၊ ဒေးဒရဲတံတား၊ ဂုန်ညင်းတန်းတံတား၊ ဒါးကတံတား စသည့်တံတားပေါင်းများစွာမှာ အချိန်တိုကာလအတွင်း အစီအရီပေါ်ထွန်းလာခဲ့သည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်းတွင်သာမက အခြားသော ပြည်နယ်နှင့်တိုင်းများအားလုံးတွင် ဒေသအလိုက် မျှတစွာဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် ဖြန့်ကြက်တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်၏တာဝန်ကို ယူစဉ်ကာလက အယူဝါဒရေးရာအပါအဝင် အကြောင်းကြောင်းတို့ကြောင့် နယ်စပ်ဒေသများ၌ လက်နက်ကိုင်ဆန့်ကျင်မှုများရှိနေခဲ့ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်ရှိနေခဲ့ကြောင်း။

မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ ထွန်းကားပြန့်ပွားမှသာ ပြည်ထောင်စုကြီး ဥမကွဲ သိုက်မပျက်တည်တံ့ ခိုင်မြဲမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ခဲရာခဲဆစ် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

## စွမ်းဆောင်မှုရလဒ်ကောင်း

တိုင်းရင်းသား အဖွဲ့အစည်းများအားလုံးလိုလို ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီး အချိန်တိုကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ရရှိလာခဲ့သည်မှာ တိုင်းရင်းသား လူမျိုးများအားလုံးအတွက် အကျိုး ဖြစ်ထွန်းစေသည့် စွမ်းဆောင်မှု ရလဒ်ကောင်းဟု ပြောကြားလိုကြောင်း။

နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းသည်နှင့်တစ်ပြိုင်နက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ချမှတ်ပြီး လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊

ဆက်သွယ်ရေး စသည့်ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့သဖြင့် ယခင်က နယ်စပ်မြို့ကလေးများသည် ယခုဆိုလျှင်ခေတ်မီတိုက်တာ အိမ်ခြေများဖြင့် မြို့ကြီးပြကြီးများ ဖြစ်လာခဲ့ပြီကို မြင်တွေ့ရမှာဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၏ အကျိုးရလဒ်ကောင်းများကို တိုင်းရင်းသားပြည်သူများ လက်တွေ့ခံစားရသည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မာ လာပြီး ပြည်ထောင်စုစိတ်ဓာတ်လည်း ပြန်လည်ကိန်းအောင်းခိုင်မြဲလာသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင်သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသော နေရာဒေသများတွင် မြစ်ကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ လေယာဉ်ကွင်းကြီးများ စသည့်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အစီအရီ စဉ်ဆက်မပြတ် တည်ဆောက်ပေးလျက်ရှိကြောင်း။

## ဧရာဝတီမြစ်ကူးတံတားခုနစ်စင်း

သို့ဖြစ်၍ ကိုလိုနီနယ်ချဲ့လက်အောက်၌ နှစ်ပေါင်း ၁၀၀ ကျော်နေခဲ့ရစဉ်အတွင်းက ဧရာဝတီမြစ်ကူးတံတားဟူ၍ စစ်ကိုင်းတံတားတစ်စင်းသာ တည်ဆောက်ပေးခဲ့သော်လည်း မိမိတို့ခေတ်ကာလတွင် ဧရာဝတီမြစ်ကူးတံတား ခုနစ်စင်းအထိ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် အရှည်ဆုံးဖြစ်မည့် သံလွင်မြစ်ကူး မော်လမြိုင်တံတားကြီးကိုလည်းတည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ပြီး



မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် အောက်တိုဘာ ၁၁ ရက်က ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းနှင့် ရွှေမြင်တင် အခြေခံပညာအထက်တန်းကျောင်းတို့အတွက် ရုပ်မြင်သံကြားစက်များကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်စဉ်။ (သတင်းစဉ်)

ကြွင်းကျန်နေသည့်ဒေသများကို ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးရေးအတွက် အထူးအစီအမံများ ဆောင်ရွက်သွားရန်လမ်းညွှန်မိန့်ကြားခဲ့သဖြင့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းကြီးပေါ်ထွန်းလာခဲ့ကြောင်း။

ယင်းစီမံကိန်းအရ ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်းတွင် တက္ကသိုလ်ကောလိပ်များ၊ အထူးကုဆေးရုံကြီးများနှင့် လမ်းပန်းဆက်သွယ်ရေး အပါအဝင် အခြားဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း။

ထို့မျှမက နိုင်ငံတော်အကြီးအကဲက ကျေးလက်အစွန်အဖျားဒေသများ အားလုံးမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ကိုပါ လမ်းညွှန်ချမှတ်ပေးခဲ့သဖြင့် ယခုအခါမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

## စည်းရုံးဆောင်ရွက်

ဤကဲ့သို့ နိုင်ငံတော်က ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ အဆင့်ဆင့်ချမှတ်ပြီး ပေါင်းစည်းဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက လုပ်ငန်းများ အောင်မြင်ပြည့်မြောက်ရေးအတွက် ဝါယမစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပြည်သူများ၏ တက်ကြွသော ပူးပေါင်းပါဝင်မှုအားကို ရရှိအောင် စည်းရုံးဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏အနာဂတ်တင့်တယ် ခိုင်ခံ့တည်တံ့ရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးကဏ္ဍစုံတွင် အနှစ်(၃၀)နှစ်ရှည် စီမံကိန်းများရေးဆွဲချမှတ် ဆောင်ရွက်လျက်လည်းရှိကြောင်း။

# ဧရာဝတီတိုင်း တယ်လီဖုန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး အော်တိုတယ်လီဖုန်းကွန်ရက်စီမံချက် ချမှတ်ဆောင်ရွက်နေပြီ ဒေသတွင်းဖြစ်ထွန်းသည့် ကုန်ထုတ်လုပ်ငန်းနှင့် အလားအလာကောင်းသည့်ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဖွံ့ဖြိုးရေး ကြိုးစားဆောင်ရွက်

ယင်းတံတားကြီးပြီးစီးပါက မြစ်ကူးချောင်းကူးတံတားအကြီးစား ၁၆၀ ကျော် တည်ရှိလာပြီး မြစ်ကူးတံတားကြီးများ တစ်နိုင်ငံလုံးတွင် ပြည့်စုံဖူလုံလာတော့မှာဖြစ်ကြောင်း၊ တည်ဆောက်ဆဲပုသိမ်တံတားကြီးမှာလည်း မကြာခင်ပြီးစီးတော့မှာဖြစ်ကြောင်း။

## သုံးသီးစိုက်ပျိုးနိုင်

စိုက်ပျိုးရေးကဏ္ဍတွင်လည်း ယခင်က မိုးတစ်သီးသာစိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါတွင် အသစ်ပေါ်ထွန်းလာသည့် ဆည်မြောင်းတာတမံ ၁၆၀ ကျော်၏ ကျေးဇူးကြောင့် နွေးမိုးဆောင်းနှစ်ပတ်လည် သုံးသီးစိုက်ပျိုးနိုင်နေပြီဖြစ်ကြောင်း။

စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုနှင့်အညီ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ ကျေးဇူးကိုတုံ့ပြန်သည့်အနေဖြင့် တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများ၊ ပညာရေး၊ကျန်းမာရေးလုပ်ငန်းများ၊ ဘုရားကျောင်းကန် စေတီပုထိုးသာသနိက အဆောက်အအုံများအသစ်တည်ဆောက်မှု၊ ပြုပြင်မွမ်းမံမှု လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ပူးပေါင်းဆောင်ရွက်လာကြသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက် အထောက်အကူဖြစ်စေသည့်အခြေခံ ကောင်းများ ပေါ်ထွန်းလာသည့်အတွက် ယခုအချိန်အခါတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ဘက်စုံကဏ္ဍစုံတွင် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

## ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု

ယင်းသို့သော အခြေအနေတွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိုင်ငံတော်အတွင်းပိုင်း၌ ဖွံ့ဖြိုးတိုးတက်မှုတွင် ကွက်လပ်သဖွယ်



ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

## ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

- ❒ ဂျပန်နိုင်ငံ NITE မှ ပညာရှင်များနှင့် ပုသိမ်တက္ကသိုလ်မှ ဆရာ ဆရာမများ ပူးပေါင်းပြီး မြေကြီးနှင့် အပင်များမှ အဏုဇီဝဆိုင်ရာ ဇီဝနည်းပညာဖြင့် ဆေးဝါးထုတ်လုပ်ခြင်း၊ လူသုံး ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးအတွက် အသုံးဝင်သော အဏုဇီဝသက်ရှိများကို ရှာဖွေသုတေသနပြုခဲ့၊
- ❒ သုတေသနပြုတွေ့ရှိချက်များ၏ ရလဒ်အဖြစ် ဆန်၊ အာလူး၊ ပြောင်းဖူး၊ ပီလောပီနံတို့မှ ဂလူးကို့ ထုတ်လုပ်နိုင်သော အဏုဇီဝ သက်ရှိ ၂၆မျိုးကို မြေဆီလွှာမှရှာဖွေဖော်ထုတ်နိုင်ခြင်း၊ စပါးတွင် ကျရောက်သော ရွက်ဖျားခြောက်ရောဂါပိုးကို ဇီဝနည်းဖြင့် ထိန်းချုပ်နှိမ်နင်းနိုင်သည့် အဏုဇီဝ သက်ရှိငါးမျိုးတွေ့ရှိခြင်း၊ သွေးတိုးကျဆေး၊ လေးဖက်နာရောဂါ ကုသဆေး၊ အသည်းရောဂါဘီပိုး ကုသဆေးများစသည့် အဏုဇီဝ သက်ရှိ ၁၈၃၅ မျိုး သုတေသနပြု ဆောင်ရွက်နိုင်၊
- ❒ ဧရာဝတီတိုင်းတွင် မိုးစပါးဧက ၃၆ သိန်း ပြည့်မီရေးနှင့် ငါးကန်ဧက တစ်သိန်း ပြည့်မီရေး ရည်မှန်းဆောင်ရွက်နေ။

ဤသည်မှာ မိမိတို့နိုင်ငံတော် အစိုးရအနေဖြင့် တိုင်းပြည်၏ အနာဂတ်ရေးအတွက် ဆောင်ရွက်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ရင်း နောင်ပေါ်ထွန်းလာမည့် အစိုးရအဆက်ဆက်ပါ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အခက်အခဲမရှိ ဆောင်ရွက်နိုင်စေရအောင် ကြိုတင်စီမံလမ်းခင်းဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

## နိုင်ငံတကာဆက်ဆံရေး

နိုင်ငံတကာမျက်နှာစာတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ဝင်ဆံ့အောင် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ အပြုသဘောလှုပ်ရှားဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်နိုင်စေရအောင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကိုချဲ့ထွင် ဆောင်ရွက်လျက်ရှိကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံအဖွဲ့အစည်းများနှင့်သာမက ဘက်မလိုက်လှုပ်ရှားမှု၊ အာဆီယံအသင်းနှင့် ဘင်းမ်စတက်အဖွဲ့တို့တွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း။

## မိတ်ဆွေရင်းချာပမာဆက်ဆံ

အထူးသဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို အခြေခံပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မိတ်ဆွေရင်းချာပမာ ဆက်ဆံလျက်ရှိကြောင်း။

ဤကဲ့သို့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် စစ်မှန်သောသဘောထားရပ်တည်ချက်ခိုင်မာစွာဖြင့် တည်ကြည်စွာ ရပ်တည်လှုပ်ရှားလျက်ရှိသဖြင့်

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

14-10 (09).p65 1 26.03.1905, 10:25 PM

# ခေတ်မီမီကမ္ဘာကြည့်–ကြည့်မြင်

## ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုဆောင်းပါး

ကမ္ဘာကြီးတွင် ဆက်စပ်ဆက်နွယ်ပြောင်းလဲဖြစ်ပေါ်မှုများ (Globalization) ကြီး ဖြစ်ပေါ်လာသောအခါ လူသားတို့အတွက် ကောင်းကျိုးများ ဖြစ်စေသကဲ့သို့ အနိုင်ကျင့် ဗိုလ်ကျစိုးမိုးခြင်းများလည်း ပေါ်ပေါက်လာခဲ့သည်။ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများက ဖွံ့ဖြိုးစ နိုင်ငံများအပေါ် ကမ္ဘာ့ဖြစ်စဉ်ပြောင်းလဲမှု အလျဉ်ကို အလွဲသုံးစားပြု၍ နည်းပညာ၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များအရ လွှမ်းမိုးရန် အားထုတ်ကြိုးပမ်းလာကြသည်။ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပရခြင်းမှာ မိမိတို့၏ရိုးရာယဉ်ကျေးမှုကို ထိပါးမခံဘဲ ကမ္ဘာ့ဖြစ်စဉ်ပြောင်းလဲမှုအလျဉ်၌ ရင်ပေါင်တန်း ကျော်ဖြတ်နိုင်ရန် အမျိုးသား ရေး ကိုယ်ခံအင်အားခိုင်မာအောင် တည်ဆောက်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အစည်းအဝေး၌ ဩဝါဒစကား မြွက်ကြားသွားသည်။

**"ယနေ့နိုင်ငံတကာမြင်ကွင်းကို ကြည့်လျှင် နိုင်ငံအချို့အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများနောက်ကို အလောတကြီး လိုက်ပါရင်း မိမိတို့၏ ဘိုးဘေးဘီဘင်များ လက်ထက်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ တဖြည်းဖြည်းချင်း တိမ်ကောပပျောက်လာသဖြင့် မိမိတို့၏အမျိုးသားရေး စရိုက်လက္ခဏာများပါ ယိုယွင်းပျောက်ကွယ်လာနေသည်ကို တွေ့ရသကဲ့သို့ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ တိမ်ကောပပျောက်ပြီး အနာဂတ်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွား ထိခိုက်ပျက်ပြားသွားမည်ကို စိုးရိမ်သဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်နေကြသည့် နိုင်ငံများလည်း ရှိကြောင်း။**

**"ယင်းသို့ကမ္ဘာ့နိုင်ငံအသီးသီးသည် (Globalization) ခေါ်သည့် ဆက်စပ်ဆက်နွယ် ပြောင်းလဲဖြစ်ပေါ်မှုများကြောင့် အမျိုးသားရိုးရာ ယဉ်ကျေးမှုများ ယိုယွင်းပျောက်ကွယ်လုဖြစ်နေသည့် အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်အတန်း မြင့်မားလှသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ၊ အမျိုးသားရေးတန်ဖိုးများကို ယနေ့ထက်တိုင် မပျောက်မပျက် မယိုမယွင်း ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ အပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ကြိုးပမ်းစွမ်းဆောင်မှုများ၏ အကျိုးရလဒ်ကောင်းများကြောင့် ဖြစ်သည်မှာ ထင်ရှားနေပြီဖြစ်ကြောင်း။"**

မြန်မာတို့၏ သမိုင်းမတင်မီခေတ် (၈)ရာစုနှစ် ပျူခေတ်ကပင် အဆို၊ အက၊ အရေး၊ အတီး ပညာကို အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံမှပင် လေးစားခံ့မင်ကြောင်း တရုတ်မှတ်တမ်းတို့၌ တွေ့ရှိရလေသည်။ ပုဂံမြို့ သရပါတံခါးအနီးမှရလာသော ကျောက်စာအရ စည်၊ ပတ်သာ၊ ခွက်ခွင်း၊ သံကောက်၊ ပြုမ်ပြိုင်၊ နရည်း၊ စရာ၊ နောင်နင်၊ ချူ၊ သံလွင်၊ စန္ဒရား၊ တံပိုး၊ ခရာ၊ သပြေသာ၊ တံမြာ၊ တံရှည်၊ နှဲ၊ တုလောင်၊ စောင်းကောက်၊ ခရသင်း စသည့် တူရိယာပစ္စည်း မြောက်မြားစွာ ပေါ်ထွန်းခဲ့ကြောင်းသိရသည်။ ပုဂံမြို့ သရပါတံခါးအနီးမှ ရရှိသော ကျောက်စာအရ ကျန်စစ်သားလက်ထက် နန်းတော်တည်ဆောက်ရေး အခမ်းအနား၌ မြန်မာ၊ မွန် သီချင်းများ သီဆိုခဲ့ကြောင်း တွေ့ရှိရသည်။ ပြည်မှော်ဇာအရပ်တွင်တွေ့ရှိသော သရေခေတ္တရာခေတ် အုတ်ခွက်အရလည်းကောင်း၊ ပုဂံခေတ်ရွှေဖက်လိပ်၊ ငွေဖက်လိပ် စေတီအုတ်ခွက်အရလည်းကောင်း အကပညာများ စောစီးစွာပေါ်ပေါက်ခဲ့ကြောင်း တွေ့ရှိရလေသည်။

ဤသို့ မြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီးပညာသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်သဏ္ဍာန်ဖြင့် အခိုင်အမာတည်ရှိခဲ့ကြောင်း တွေ့ရသည်။ ထို့အတူ တိုင်းတစ်ပါးအနုပညာလည်း ဝင်ရောက်ခဲ့ကြောင်း တွေ့ရလေသည်။ နရပတိစည်သူလက်ထက် ၅၅၂ ခုနှစ်တွင် ရေးထိုးသော တောင်ဂူနီဘုရားကျောက်စာ၌ "ကုလာပန်တျာ"ဟု ဖော်ပြလျက် ပုဂံမြင်းကပါစေတီ အုတ်ခွက်အရ အိန္ဒိယအမျိုးသားတစ်ဦး လင်းကွင်းတီးနေဟန် ဆေးရေးပန်းချီကား တွေ့ရှိချက်အရ အိန္ဒိယအနုပညာလက်ရာများ ပုဂံနေပြည်တော်သို့ ရောက်ရှိခဲ့ကြောင်း တွေ့ရ လေသည်။

ယဉ်ကျေးမှုအထက်တန်းအရာရှိ ဦးမင်းနိုင်ပြုစုသော ပြည်ထောင်စုအကပဒေသာစာအုပ် ဓာတ်ပုံအမှတ် ၆၄ တွင် ပုဂံခေတ်၌ အိန္ဒိယအမျိုးသမီးကဟန်ကို ဖော်ပြထားသည်။ ထိုစာအုပ်၌ပင် ရွှေစည်းခုံဘုရားကြီး ဗဟိုတံခါးမှ သစ်သားပန်းပုရုပ်ကြွ ဓာတ်ပုံအမှတ် ၅၇ တွင် ပုဂံခေတ်က အမျိုးသမီးကဟန်ကိုပါတွေ့ရလေသည်။ ပုဂံခေတ်၌ တိုင်းတစ်ပါးယဉ်ကျေးမှုသည် မြန်မာ့ယဉ်ကျေးမှုဟန်ကို မလွှမ်းမိုးဘဲ သီးခြားရပ်တည်ဖြစ်ထွန်းကြောင်း လေ့လာမှတ်သားရပေသည်။

ပင်းယခေတ်တွင် 'ကာချင်း'ပေါ်ပေါက်လာပြီး ကာချင်းသည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ဖြင့် ကျူးကျော်စစ်ကို တွန်းလှန်နိုင်ခဲ့သော မြန်မာ့အဆို၊ အက ပညာဖြစ်ခဲ့သည်။ ငါးစီးရှင်ကျော်စွာကဲ့သို့သော နိုင်ငံ့ခေါင်းဆောင်တို့ကိုယ်တိုင် လက်တစ်ဖက်က–ကာ၊ လက်တစ်ဖက်က လက်နက်စွဲကိုင်၍ ကာက–က၊ ကာချင်းသီဆိုလျက် မွန်ဂိုနယ်ချဲ့တို့အား တိုက်ပွဲဝင်ခဲ့လေသည်။

ပုဂံခေတ်ကပင် စည်ပင်ခဲ့သော မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာသည် အင်းဝခေတ်တွင် ပိုမိုထွန်းကား တိုးတက်ခဲ့လေသည်။ အင်းဝခေတ်ရေး ဓမ္မရာသီပျို့၏ ဖော်ပြချက်အရ အငြိမ့်များ ပေါ်ပေါက်နေကြောင်း သမပိုက်ပျို့အရ'ခြောက်ဆယ့်လေးပါးသောကချင်း'များ ပေါ်ပေါက်နေကြောင်းမှတ်သားရပေသည်။ ထို့ပြင် သုဝဏ္ဏလျှံသူငှေးခန်းပျို့အရ အင်းဝခေတ်၌'ရာမ' ဇာတ်ကပြနေကြောင်း(မျောက်ဟာနုမန်ကျမ်းဂန်မညီ၊ ဒဏ္ဍာရီနှင့်)ဟူသော အပိုဒ်ကဖော်ပြနေသည်။

အင်းဝခေတ်တွင် ဗန်းမော်မှတစ်ဆင့် ဝင်ရောက်လာသည့် တရုတ်များသည် ရွှေမြို့တော်တရုတ်တန်း၌ နေထိုင်ကာ မြန်မာနိုင်ငံ၌ လုပ်ကိုင်စားသောက်ကြသည်။ မိမိဘာသာအလိုက် ပွဲများပြုလုပ်စဉ် အထက်ဗန်းမော်မှ တရုတ်သဘင်သည်၊ တရုတ် ရုပ်သေးသမားများ လာရောက်ကြသည်ဟု သဘင်ဝန် ဦးနုက 'မြန်မာ့သဘင် လောက'စာအုပ်၌ ဖော်ပြထားသည်။ ၈၄၆ခုနှစ်ရေး ရှင်မဟာရဋ္ဌသာရ ဆရာတော်၏ "ဘူရိဒတ်"လင်္ကာကြီး၌ "ကြိုးဆွဲငင်ချ၊ အရုပ်ကသို့"ဟု ပါရှိရာ တရုတ်ရုပ်သေးကဲ့သို့ တုတ်ထိုး၊ အရိပ်ထိုးမဟုတ်သော မြန်မာ့ရုပ်စုံသဘင် ပေါ်ပေါက်နေပြီဖြစ်ကြောင်း သိရလေသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ဇာတ်သဘင် လေ့လာရေးအဖွဲ့ဝင်ရှစ်ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ယိုးဒယားနှင့် မလေးရှားတို့ကို သွားရောက် လေ့လာခဲ့သည်။ ထိုအထဲတွင် မြဝတီမင်းကြီးသည် ယိုးဒယား ၁၂ ခန်းခေါ် မြန်မာသီချင်းများကို မြန်မာကကြိုးကဟန်ဖြင့် မှတ်သားခဲ့သည်။ ထို့အတူ ပြင်စည်မင်းသားကြီးကလည်း ယိုးဒယားတေးသွားများကို ရှစ်မျိုးခွဲကာ မှတ်သားခဲ့သည်။ ဇာတ်သဘင်လေ့လာရေးအဖွဲ့သည် အီနောင်၊ ရာမ၊ သခ်ပတ္တာ၊ ကေသာသီရိ စသော ဇာတ်များကို မြန်မာ့မှုဟန်ဖြင့် ဘာသာပြန်ခဲ့ကြသည်။

## ခြင်ကျား ( မအူပင် )

ပြင်စည်မင်းသားကြီးရေးခဲ့သော ယိုးဒယား သီချင်းကြီးပေါင်းများစွာ ရှိသည်။ အတိုကောက်လင်္ကာဖြင့် "ရွှေ၊နှင်း၊တော၊မြိုင်၊ပန်း–ခိုင်–မှော်–မိုင်း၊ ခြား–ပိုင်း–ရှစ်–သံ၊ဖရံတင်–ညွန်၊ ခက်မွန်–ခမိန်၊တနောက်–ချိန်ငြား၊ ဖိန်းချား–ထပ်တွန့်၊ ချတ်ချွန့်–ငုစ်၊ အသံရှစ်၊ မှတ်လစ်စဉ်ကမာ"ဟု မှတ်တမ်းတင်ထားသည်။ ယိုးဒယားဇာတ်တော်များကို ပုံတူကူးချခြင်းမဟုတ်သည့် မြန်မာမှုတွင် တိုးပွားလာသော၊ ခံ့ညားသော ဇာတ်တော်ကြီးများအတွက် မြန်မာမှုနှင့် ခွင်ကျသော တူရိယာအသွားနှင့် သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ကြိုးကြီးဘွဲ့ခံတို့ကို ထည့်သွင်း၍ မြန်မာမှုပြုခြင်းပင်ဖြစ်သည်။

ထို့ပြင် ဘကြီးတော်စစ်ကိုင်းမင်း အမိန့်တော်မြတ်ကို ဦးထိပ်ရွက်လျက် ထိုမင်းအိမ်နိမ့်စံဘဝကပင် ဆိုင်းတော်တီး ကိုမြတ်သာ၊ ဦးတရုတ်တို့နှင့်တစ်ကြိမ်၊ အထွတ်အထိပ်ရောက်ပြီးနောက် ၁၁၈၂ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်နေ့တွင် နတ်သံ၊လွဲချင်း၊ တလိုင်းချင်းများကို မှတ်တမ်းတင်ခဲ့လေသည်။

ထိုလက်ထက်၌ပင် မုံရွေးဆရာတော်အား ရေးသီချင်းများကို စုဆောင်းပေးတော်မူပါရန် လျှောက်ထားပြီး စုဆောင်းတော်မူခဲ့ရာ ရေးသီချင်းပေါင်း မြောက်မြားစွာ တိုးတက်လာခဲ့လေသည်။ မြဝတီဝန်ကြီးကလည်း မွန်တေးသံ၊ ထားဝယ်ဒိန်းသံ၊ကရင်ဩသံ၊ ဗရင်ဂျီဩသံတို့ကို မှတ်သား၍ ဆန်းသစ်သော တေးစုများဖြစ်စေရန် တီထွင်ကြံဆဖန်တီးခဲ့ကြသည်။

ကုန်းဘောင်ခေတ် ရောက်ရှိလာသောအခါ အင်းဝခေတ်က ပျိုးထောင်ခဲ့သော မြန်မာအဆို၊ အက၊ အရေး၊ အတီး ပညာသည် ခက်လက်ဝေဖြာတိုးပွားစည်ပင်လာခဲ့လေသည်။ လခြမ်းဆိုင်းဝိုင်းအခြေအနေမှ ပတ်လုံး ၂၁လုံး၊ ၂၂လုံးရှိသော မြန်မာဆိုင်းဝိုင်းကြီးအဖြစ်သို့လည်းကောင်း၊ တူရိယာပစ္စည်းများကိုလည်းကောင်း တိုးတက်တီထွင် လာခဲ့ကြသည်။

၁၈၇၂ ခုနှစ် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် အီတာလျှံသံများက လက်ဆောင်ဆက်သသောကြောင့် ပီယာနိုဖိုတီခေါ် စန္ဒရားတစ်လုံး မြန်မာနိုင်ငံကို ရောက်ရှိလာခဲ့သည်။ မြန်မာဆိုင်းဆရာကြီး ဦးစိန်ဗေဒါသည် ကုန်းဘောင်ခေတ်မှသည် သူ့ကျွန်ဘဝရောက်သည့်တိုင် ဆိုင်းဝိုင်းတွင် တီးလုံးသံဆန်းများ တီထွင်၍ တစ်စတစ်စ ဝင်ရောက်လာသော အနောက်တိုင်းတူရိယာတို့ကို ယှဉ်နိုင်ရန် ကြိုးပမ်းခဲ့သူဖြစ်သည်။

ဆရာညွန့်သည် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် စန္ဒရားကို မြန်မာသံစဉ်သို့ ပြောင်းတီးခြင်းကို တီထွင်ခဲ့သည်။ ထို့နောက် ဆရာခန့်၊ ဦးထွန်းဖေ၊ ဘိလပ်ပြန်ဆရာကြီး ဦးချစ်ထူးစသော မြန်မာသံနှင့် စန္ဒရားအတီးကောင်းသူများ ပေါ်ပေါက်လာသည်။

၁၉၁၃ ခုနှစ်တွင် ဆရာကိုဘထွန်းသည် ဂျာမနီလုပ်လက်ဆွဲဘာဂျာကို မြန်မာသံစဉ်သို့ ကူးပြောင်းတီးရန် တီထွင်ခဲ့သည်။ နောက်ပိုင်းတွင် ဘာဂျာဘကျော်၊ ဟသ်ာတ ဦးဘအို၊ ဦးဖိုး စသည့် လက်ဆွဲဘာဂျာ အတီးကောင်းကြသူများ ပေါ်ထွန်းခဲ့သည်။

နယ်ချဲ့ခေတ်တွင် မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး ပညာကို တစ်ခေတ်ဆန်းသစ်စေပြီး ခေတ်မီတူရိယာများတပ်ဆင်၍ မြန်မာ့ဇာတ်သဘင် အဆင့်မြှင့်တင်ခဲ့သူကား ဇာတ်မင်းသားကြီး ဦးဖိုးစိန်ဖြစ်သည်။ ဦးဖိုးစိန်၏ ဓာတ်ပြားအများအပြားထွက်လာပြီး ထိုဓာတ်ပြားကိစ္စ ဓာတ်ပြားကုမ္ပဏီအချင်းချင်း အလုအယက် ခြေပုန်းခုတ်သည့် ပြဿနာများပင် ဖြစ်ပွားလာခဲ့လေသည်။

မင်းသားကြီး ဦးဖိုးစိန်၏ အစီအမံဖြင့် ပတ်တီးဆရာ ကိုဘိုးဆိတ်နှင့် လူရွှင်တော် ကိုဗလကြီးတို့က အင်္ဂလိပ်တူရိယာထဲမှ ဃန–အသံ၊ အာတတ–အသံကိုမှီး၍ တူရိယာတစ်မျိုး တီထွင်ခဲ့လေသည်။ ကြေးဝါပြားတစ်ပဲထုကို ဝါးပတ္တလားသဖွယ် အရှည်အတိုဖြတ်၍ ခုံးအောင်ဖောင်ပြုကာ ကြေးဝါပြွန်လုံးထိပ်ဝ တစ်လက်မမှ နှစ်လက်မအထိ ကြီးစဉ်ငယ်လိုက်ထားပြီး အတိုအရှည်မှာလည်း ကြီးစဉ်ငယ်လိုက်ဖြတ်ကာ ကြေးပတ္တလား ခွက်အောက်တည့်တည့် ခပ်ခွာခွာမှ တစ်ရွက်လျှင် ပြွန်တစ်ခုကျဆွဲပြီးလျှင် ကြေးဝိုင်းတီးလက်ခတ်ဖြင့် တီးရသော တူရိယာဖြစ်သည်။

ကြေးပြွန်ထိပ်၏ အောက်မှာ အလုံပိတ်ထားသည်ကို ကြေးပြွန်၏ အတွင်းသို့ ရေထည့်၍ တီးရသည်။ ထိုတူရိယာကို ဇာတ်ဆရာကြီး ဦးဖိုးစိန်ကြံစည်သည်ကို အစွဲပြုပြီး စိန်ကြံတူရိယာဟု ပညတ်ခေါ်ဝေါ်ခဲ့ကြလေသည်။

ပုဂံခေတ်မှစ၍ လွတ်လပ်ရေးရပြီးခေတ်တိုင် မြန်မာတို့၏ အဆို၊အက၊ အရေး၊ အတီးပညာများ တိုးတက်ထွန်းကားခဲ့သည်။ အိမ်နီးချင်းနိုင်ငံများနှင့် ပြည်ပနိုင်ငံများ၏ အဆို၊ အက၊ အရေး၊ အတီး ပညာများလည်း ဝင်ရောက်လာသည်။ ထိုတိုင်းတစ်ပါး အဆို၊ အက၊ အရေး၊ အတီး ပညာကို တိုက်ရိုက်ပုံတူကူးခြင်းမပြုဘဲ မြန်မာမှုသို့သွယ်ဝိုက်မွမ်းမံတီထွင်၍ အသုံးပြုခဲ့သည်။ ထို့ကြောင့် မြန်မာ့ အဆို၊ အက၊ အရေး၊ အတီးပညာသည် ကမ္ဘာနှင့်ရင်ပေါင်တန်း ထွန်းကားခဲ့ခြင်း ဖြစ်သည်။

မျက်မှောက်ကာလတွင် အနောက်တိုင်း တူရိယာကို အသုံးပြု၍ အနောက်တိုင်း အသံအတိုင်း မြန်မာစာသားထည့်သွင်းကာ တိုက်ရိုက်ပုံတူကူးခြင်းသည် အန္တရာယ်ကြီးမားလှပေသည်။ **ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်မှ မြန်မာ အဆို၊ အက၊ အရေး၊ အတီး ပညာရှင်များသည် မြန်မာ အဆို၊ အက၊ အရေး၊ အတီး ပညာကို ခေတ်နှင့်အညီ ရင်ပေါင်တန်း တိုးတက်စေရန် မိမိရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာကို မထိပါးစေဘဲ ကြိုးပမ်းခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာသည် ၂၁ရာစုတိုင် ခိုင်မာသိုက်ဝန်းစွာ တည်တံ့ခဲ့ခြင်း ဖြစ်သည်။**

ဂီတစာဆို ဆရာမြို့မငြိမ်းရေးဖွဲ့သော "လူချွန်လူကောင်း" သီချင်းတွင် စာသားတစ်ပိုဒ်ကို လေ့လာတွေ့ရှိရသည်။ ထိုစာပိုဒ်မှာ **"ခေတ်မီမီ ကမ္ဘာကြည့်–ကြည့်မြင်"**ဟူသော စာပိုဒ်ဖြစ်သည်။ ယခုအခါ နိုင်ငံတကာတွင် ကမ္ဘာဖြစ်စဉ်ပြောင်းလဲမှုအလျဉ် ဂလိုဘယ်လိုက်ဇေးရှင်း ပေါ်ပေါက်နေရာ ခေတ်မီမီ ကမ္ဘာကြည့်–ကြည့်မြင်ရန် လိုအပ်သည်။

နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုတို့ကို ကမ္ဘာနှင့်ယှဉ်နိုင်ရန် ကမ္ဘာကြည့်–ကြည့်မြင်၍ ကမ္ဘာဖြစ်စဉ် ပြောင်းလဲမှုအလျဉ်ကို ရင်ပေါင်တန်း ဖြတ်ကျော်ကြရပေမည်။ ယဉ်ကျေးမှုကဏ္ဍတွင် ကမ္ဘာကြည့်–ကြည့်ရာ၌ မိမိရိုးရာယဉ်ကျေးမှုကို အခြေခံကျကျ ကျွမ်းကျင်တတ်ပွန်မှု မရှိပါက တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးသွားပေလိမ့်မည်။ ခေတ်အဆက်ဆက်က မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး ပညာရှင်တို့သည် မိမိတို့ ရိုးရာပညာကို လေးစားခံ့မင်၍ ကမ္ဘာကြည့်–ကြည့်မြင်ကာ မြန်မာ့ အဆို၊ အက၊ အရေး၊ အတီးပညာ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းခဲ့ကြောင်း လေ့လာ တွေ့ရှိရသည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဦးဆောင်၍ ကမ္ဘာဖြစ်စဉ်ပြောင်းလဲမှု အလျဉ်ကြီး၌ ယဉ်ကျေးမှုကိုယ်ခံအားကောင်းစေရန် အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများကို ကျင်းပပေးနေသည်မှာ ဒွါဒသမအကြိမ်တိုင်ခဲ့လေပြီ။

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲရည်ရွယ်ချက်များမှာ–

(၁) **မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊**

(၂) **မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊**

(၃) **မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊**

(၄) **မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရေး၊**

(၅) **လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး၊**

(၆) **တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး**

တို့ ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာ့ရိုးရာ အဆို၊အက၊ အရေး၊ အတီး ပညာကို ခေတ်မီမီ ကမ္ဘာကြည့်–ကြည့်၍ တိုးပွားရှင်သန်ရန် ဆောင်ရွက်ခဲ့ကြသော ရှေးခေတ်ပညာရှင်များနှင့် မျက်မှောက်ခေတ်ပညာရှင်များ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အားပေးပါဝင်ပံ့ပိုးကူညီကြသော တိုင်းရင်းသားပြည်သူတို့အား ဤဆောင်းပါးဖြင့်ဂုဏ်ပြုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်မှ မြန်မာ အဆို၊ အက၊ အရေး၊ အတီး ပညာရှင်များသည် မြန်မာ အဆို၊ အက၊ အရေး၊ အတီး ပညာကို ခေတ်နှင့်အညီ ရင်ပေါင်တန်း တိုးတက်စေရန် မိမိရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာကို မထိပါးစေဘဲ ကြိုးပမ်းခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာသည် ၂၁ရာစုတိုင် ခိုင်မာသိုက်ဝန်းစွာ တည်တံ့ခဲ့ခြင်း ဖြစ်သည်။**

စာမျက်နှာ ၉ မှ

မြန်မာနိုင်ငံအနေဖြင့် အချို့သော အနောက်နိုင်ငံကြီးများ၏ ဖိအားပေးစွက်ဖက် ခြယ်လှယ်မှုများကို သဘောထားမှန်ကန်သောနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၏ အားပေးမှုဖြင့် ကြံ့ကြံ့ခံရပ်တည်နိုင်နေခြင်းပင်ဖြစ်ကြောင်း။

## တိုးချဲ့စိုက်ပျိုးထုတ်လုပ်

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးအခြေခံများ တိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံတော်အကြီးအကဲနှင့်တကွ နိုင်ငံတော်တာဝန်ရှိသူများကိုယ်တိုင် နိုင်ငံအနှံ့ မနားမနေလှည့်လည်သွားရောက်ပြီး အင်တိုက်အားတိုက် ဝီရိယစိုက်ထုတ် ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို အထင်အရှားတွေ့နိုင်ကြောင်း။

ဧရာဝတီတိုင်းအနေဖြင့်လည်း မိမိတိုင်း၊ ခရိုင်၊ မြို့နယ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလျော့သောလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကြရန် မှာကြားလိုကြောင်း။

ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စပါးကျီ၊ နိုင်ငံတော်၏ဆန်အိုးကြီး ဖြစ်သည်နှင့်အညီ ဆန်စပါးပိုမိုထွက်ရှိပြီး နိုင်ငံတော်၏ဝမ်းစာမဖူလုံသေးသည့် ဒေသများကို ပံ့ပိုးနိုင်ရန် ဆက်လက်ကြိုးစားကြစေလိုကြောင်း။

ဆန်စပါးသာမက ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ပဲအမျိုးမျိုး၊ နေကြာ၊ ပြောင်း၊ ဂုန်လျှော်၊ ပဲပုပ်၊ သီဟိုဠ်သရက်၊ ကြက်ဆူ၊ ရော်ဘာ၊ ငရုတ်ကောင်း စသည့်သီးနှံများပါ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရန် မှာကြားလိုကြောင်း။

ဆားလုပ်ငန်း၊ ရေလုပ်ငန်း၊ ငါး ပုစွန်မွေးမြူရေးလုပ်ငန်းစသည့် ဒေသတွင်းဖြစ်ထွန်းသည့် ကုန်ထုတ်လုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုအလားအလာကောင်းသည့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင်လည်း ကြိုးစားဆောင်ရွက်ပြီး နိုင်ငံတော်ကို အထောက်အကူပြုကြရမှာဖြစ်ကြောင်း။

## တီထွင်ကြံဆ

ဧရာဝတီတိုင်းဒေသ၏ မိရိုးဖလာ လုပ်ငန်းများဖြစ်သော ပုသိမ်ထီးလုပ်ငန်း၊ ကြိမ်၊ ဝါးလက်မှုလုပ်ငန်း၊ ဟာလဝါလုပ်ငန်း၊ ခေါက်ယပ္ပ၍ရသော သင်ဖြူးဖျာလုပ်ငန်းစသည့်လုပ်ငန်းများကို တိမ်ကောပျောက်ကွယ်မသွားအောင် ထိန်းသိမ်းရင်း ခေတ်နှင့်အညီ တီထွင်ကြံဆလျက် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်စေရအောင် ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

အိမ်နီးချင်းနိုင်ငံများတွင် ပုသိမ်ထီး ကဲ့သို့ ရိုးရာထီးများ၊ ဝါးဦးထုပ်များ စသည့်ဒေသထွက်ပစ္စည်းများကို ခေတ်မီအောင်ပြုပြင်ပြီး နိုင်ငံတကာသို့ အောင်မြင်စွာ ရောင်းချနေသည်များရှိကြောင်း၊ မိမိတို့ကလည်း မြို့နယ် တစ်မြို့နယ်လျှင် ဖြစ်ထွန်းနိုင်သော ဒေသထုတ်ကုန်တစ်ခု ကြိုးစားထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်အောင် နည်းလမ်းရှာဖွေ တီထွင်ကြံဆ ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ယင်းသို့ ဒေသထုတ်ကုန်များ တွင်ကျယ်စွာထုတ်လုပ်နိုင်ရေး၊ ဒေသ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးတို့အတွက် ဒေသရှိဌာနဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြုလျက် စေတနာထား ပေါင်းစပ်ဆောင်ရွက်သွားကြပါလျှင် မိမိမြို့နယ်၊ မိမိခရိုင်၊ မိမိတိုင်းနှင့် မိမိတို့၏ နိုင်ငံတော်ကြီးလည်းဖွံ့ဖြိုးတိုးတက်လာမှာ ကေန်မလွဲပင်ဖြစ်ကြောင်း။

## ရည်မှန်းကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား စီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် ပြည်သူများ၏လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ထွန်းရေးနှင့် ပြည်ထောင်စုကြီးတည်တံ့ ခိုင်မြဲရေးတို့အတွက် ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါတွင် စည်းလုံးညီညွတ်ခိုင်မာသော ပြည်ထောင်စုကြီး ဖြစ်ထွန်းလာရေးအတွက် တစ်ဆင့်ချင်းကူးပြောင်း ဆောင်ရွက်သွားရမည့် အစီအမံများ ဖြစ်သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးသည် ပထမပိုင်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်လျက် ဒုတိယအပိုင်းကဏ္ဍကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများ အောင်မြင်ပြီးမြောက်ရေးအတွက် ပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုလိုအပ်ကြောင်း။

အမျိုးသား ညီလာခံကြီး အောင်မြင်ပြီးမြောက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့် အသေးစိတ်အခြေခံမူများ ရရှိပြီဆိုလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲလျက် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်း၊ ပြည်သူများသဘောတူအတည်ပြုပါက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများကျင်းပခြင်း စသည့်လုပ်ငန်းဆောင်တာများ များစွာကျန်ရှိသေးကြောင်း။

ပြည်သူက မှန်ကန်စွာရွေးချယ်ပေးသော နိုင်ငံတော်အစိုးရအနေဖြင့် မှန်ကန်သောဦးဆောင်မှု၊ မှန်ကန်သော အမျိုးသားရေးရပ်တည်ချက်တို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွား၊ အမျိုးသားရေး အကျိုးစီးပွားကို ရှေ့ရှုကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံတော်၏ မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ကြောင်း။

## တက်ညီလက်ညီ

သို့ဖြစ်၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ရည်မှန်းချက်နှင့်အညီ အောင်မြင်ပြည့်မြောက်ရေးအတွက် နိုင်ငံသူ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ဆိုသော သဘောထားခံယူချက်ဖြင့် ပြည်သူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့တွင် သင်တန်းသားများလျှောက်လွှာခေါ်ယူ

ရန်ကုန် အောက်တိုဘာ ၁၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်တွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် (Myanmar Maritime University)ကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတက္ကသိုလ်တွင် B.E (Naval Architecture and Ocean Engineering)၊ B.E (Marine Engineering)၊ B.E (Port & Harbour Engineering)၊ B.E (River & Coastal Engineering)၊ B.E (Marine Electrical Systems & Electronics)၊ B.Sc(Hons) (Nautical Science) သင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဘွဲ့သင်တန်းတစ်ခုချင်းအတွက် သင်တန်းကာလမှာ ငါးနှစ်ဖြစ်သည်။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အောက်တွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် (Myanmar Aerospace Engineering University) ကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတက္ကသိုလ်တွင် B.E (Aerospace-Propulsion & Flight Vehicles)၊ B.E (Aerospace Avionics)၊ B.E (Aerospace-Electrical Systems and Instrumentation) နှင့် B.E (Aerospace-Fuel & Propellant Engineering) သင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဘွဲ့သင်တန်း တစ်ခုချင်းအတွက် သင်တန်းကာလမှာ ငါးနှစ်ဖြစ်သည်။

## စတင်ဖွင့်လှစ်ပို့ချမည်

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် Diploma in Engine & Airframe Technology၊ Diploma in Avionic Technology နှင့် Diploma in Electrical & Instrumentation Technology (ဘွဲ့ကြို)နည်းပညာဒီပလိုမာ သင်တန်းသုံးခုကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းတစ်ခုချင်းအတွက် သင်တန်း ကာလမှာ နှစ်နှစ်ဖြစ်သည်။

ယင်းတက္ကသိုလ်များသို့ အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသော အမျိုးသားများ လျှောက်ထားနိုင်သည်ဖြစ်ရာ ဘွဲ့သင်တန်းများအတွက် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်း ရမှတ် ၄၀၀နှင့်အထက် ရရှိပြီး (၁)မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒ၊ (၂)မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သမိုင်း၊ (၃)မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ (၄)မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ (၅)မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ပထဝီဝင် ဘာသာတွဲဖြင့် အောင်မြင်ခဲ့သူဖြစ်ရမည်။

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ဖွင့်လှစ်မည့် (ဘွဲ့ကြို)နည်းပညာ ဒီပလိုမာသင်တန်းများကို တက်ရောက်ရန် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်သူ များထဲမှ အဓိကရွေးချယ်မည်ဖြစ်သော်လည်း **ယခင်နှစ်များက အောင်မြင်ခဲ့သူများလည်း လျှောက်ထားနိုင်သည်။** ၎င်းတို့ကိုလည်း ထည့်သွင်းစဉ်းစားပေးမည်ဖြစ်သည်။ သို့သော် တက္ကသိုလ်၊ ကောလိပ် တစ်ခုခုမှထုတ်ပယ်ခြင်း ခံထားရသူများ လျှောက်ထားခွင့်မရှိပါ။ (ဘွဲ့ကြို) နည်းပညာဒီပလိုမာသင်တန်းသို့ တက်ရောက်သင်ကြားခွင့် လျှောက်ထားရန် တက္ကသိုလ်စာမေးပွဲတွင် ခြောက်ဘာသာ ဖြေဆိုရသော ကျောင်းသားများသည် စုစုပေါင်းရမှတ် ၃၃၆ မှတ်နှင့်အထက် ရရှိရမည်ဖြစ်ပြီး တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာ ဖြေဆိုခဲ့ရသော ကျောင်းသားများသည် စုစုပေါင်း ရမှတ် ၂၈၀နှင့် အထက်ရရှိရမည်။ သို့သော် သင်္ချာ၊ ရူပဗေဒနှင့် ဓာတုဗေဒဘာသာများဖြင့် အောင်မြင်ခဲ့သူဖြစ်ရမည်။

လျှောက်ထားသူများသည် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ ကျန်းမာရေးစစ်ဆေးမှု အောင်မြင်ရမည်။ လူတွေ့စစ်ဆေးခြင်း ခံယူရမည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် ဖွင့်လှစ်မည်ဖြစ်သော ဘွဲ့သင်တန်း အသီးသီးသို့ တက်ရောက်ရန် ဆန္ဒပြုလိုသူ များသည် စာစစ်ဌာန ကြီးကြပ်ရေးမှူးထံမှထုတ်ပေးသည့် သတ်မှတ်လျှောက်လွှာပုံစံ၌ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပြီး ၈-၁၀-၂၀၀၄ ရက်မှ ၂၂-၁၀-၂၀၀၄ ရက်အထိ **သီးခြားစာအိတ်တွင်** ထည့်သွင်း၍ **မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် သီလဝါ သန်လျင်မြို့နယ် ရန်ကုန်တိုင်း**သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အရောက် ပို့ရမည်ဖြစ်သည်။

## အရောက်ပို့ရမည်

မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာ တက္ကသိုလ်သို့ ဝင်ခွင့် လျှောက်ထားသူသည့် လျှောက်လွှာပုံစံကို သတ်မှတ်ပုံစံဖြင့် ၈-၁၀-၂၀၀၄ရက်မှ ၂၂-၁၀-၂၀၀၄ရက်အထိ **သီးခြားစာအိတ်**တွင် ထည့်သွင်း၍ **တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ အဆင့်မြင့် ပညာဦးစီးဌာန(အောက်မြန်မာပြည်)**သို့ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အရောက်ပို့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ စာစစ် အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်းမိတ္တူကို ပူးတွဲ၍ တင်ပြရမည်။ မူရင်းကို လူတွေ့စစ်ဆေးခြင်းခံယူရန်အတွက် သတင်းပို့သောအခါ ယူဆောင်လာရမည်။ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများသည် သတ်မှတ်လျှောက်လွှာများကို တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာစာအိတ် ထုတ်ပေးသည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် ရယူနိုင်သည်။

## ပူးတွဲတင်ပြရမည်

၂၀၀၄ ခုနှစ်မတိုင်မီ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး ဘွဲ့ကြိုနည်းပညာဒီပလိုမာသင်တန်းများသို့ လျှောက်ထားလိုသူများသည် သတ်မှတ် လျှောက်လွှာများကို စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင် ရယူနိုင်သည်။ ထို့နောက် လျှောက်လွှာကို **သီးခြားစာအိတ်** တွင်ထည့်သွင်း၍ **တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)**သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ အရောက်ပို့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ စာစစ်အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်းမိတ္တူကို ပူးတွဲ၍ တင်ပြရမည်။ မူရင်းကို လူတွေ့ စစ်ဆေးခြင်းခံယူရန်အတွက် သတင်းပို့သောအခါ ယူဆောင်လာရမည်။

## လျှောက်ထားရန်လို

အကယ်၍ ဖော်ပြပါတက္ကသိုလ်နှစ်ခုသို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာထားသောနည်းလမ်းအတိုင်း **တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ဖြင့်** ကျန်တက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုသည်။

အသေးစိတ်သိလိုပါက **အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)** သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်တိုင်း ဖုန်း-၅၀၃၁၄၇၊ ၅၂၅၆၁၂၊ **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်** သီလဝါ သန်လျင်မြို့နယ် ရန်ကုန်တိုင်း ဖုန်း-၀၅၆-၂၂၁၈၀၊ ၂၂၁၈၁၊၂၂၁၈၂၊၂၂၁၈၃၊၂၂၁၈၄နှင့် **မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်** မိတ္ထီလာမြို့ ဖုန်း-၀၆၄-၂၂၂၀၁၊ ၀၆၄-၂၂၂၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသော တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမရှိ စာကြည့်တိုက်၊ e-Library နှင့် ကလေးများအတွက် e-Library တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ဧည့်ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

---

## မြန်မာ့ရုပ်မြင်သံကြား

**၁၄-၁၀-၂၀၀၄ ရက် (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆:၃၀ | ၁။ | ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၈:၀၀ | ၂။ | သံသာချိုအေး မင်္ဂလာတေး |
| ၈:၃၀ | ၃။ | International News |
| ၈:၄၅ | ၄။ | Let's Go |
| ၉:၀၀ | ၅။ | အစီအစဉ်ပြီး၏ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Evaryday Use |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၁၇:၁၅ | ၆။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၁၇:၃၀ | ၇။ | မြန်မာစာ မြန်မာစကား |
| ၁၇:၄၅ | ၈။ | **"အလံလေးတော့ ကိုင်ပြပါ"** (ဇွဲနိုင်ဝင်း၊ ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး) |
| ၁၇:၅၅ | ၉။ | တေးဂီတအစီအစဉ် |
| ၁၈:၁၀ | ၁၀။ | နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည် |
| ၁၈:၃၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၁၉) |
| ၁၉:၃၀ | ၁၄။ | အိန္ဒိယအဖွဲ့ချုပ်ဒိုင်းချန်ပီယံ မြန်မာဘောလုံးအသင်း |
| ၂၀:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ |
| | ၁၉။ | **"စိန်ခြယ်ဖြာရောင်လင်း"** (သုမောင်၊ ဖိုးသောကြာ၊ မေသဉ္ဇာဦး၊ ခင်ပြည့်စုံ) (ဒါရိုက်တာ-သုမောင်) |
| | ၂၀။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

## ဓမ္မဒူတအရှင်ဆေကိန္ဒ အထူးတရားပွဲ

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် သုံးခွမြို့ မြို့နယ်အားကစားခန်းမ၌ အောက်တိုဘာ၁၆ရက်(စနေနေ့)ညနေ ၃နာရီတွင် စေတနာရှင် ကုသိုလ်ရှင် တစ်ဦး၏ ဓမ္မဒါနအလှူအဖြစ် ဓမ္မဒူတ အရှင်ဆေကိန္ဒ (ဓမ္မကထိက ဗဟုဇန ဟိတဓရ)(သာသနဓဇ၊ သဒ္ဓမ္မနေပုည၊ သာသနဇောတိပါလ၊ ဓမ္မာစရိယ)က ကျောင်းသားလူငယ် အထူးတရားပွဲကို ဟောပြောမည်ဖြစ်ကြောင်းနှင့် တရား နာကြားလိုသူ မည်သူမဆို တရား နာယူနိုင်ကြောင်း သိရသည်။

**(က-ပ)**



**အမှာစကားပြောကြား**

**မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများ ဦးဆောင်အဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကကြီးများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ ချုပ် နာယကကြီးများ ဦးဆောင်အဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ အဖွဲ့ချုပ်နာယကကြီးများအား တွေ့ဆုံမှာကြား

ရန်ကုန် အောက်တိုဘာ ၁၃

**မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများ ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အဖွဲ့ချုပ်နာယကကြီးများအား တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယကကြီး ဒေါ်ခင်သန်းနွဲ့နှင့် နာယကကြီးများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကကြီးများ ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီက လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



# တရားရုံးချုပ်၌ ကွန်ပျူတာသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၃

**တရားရုံးချုပ်၏ ကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့တရားရုံးချုပ်အဆောက်အအုံရှိ ကွန်ပျူတာ သင်တန်းခန်းမ၌ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက် ဖဲကြိုးဖြတ်၍ ကွန်ပျူတာသင်တန်းခန်းမကို ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်တရားသူကြီးများ ဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဦးခင်မြင့်၊ဒေါက်တာ တင်အောင်အေး၊ ဦးမြင့်သိန်း၊ ဦးထွန်းရှင်၊ ဦးချစ်လွင်နှင့် ဦးတင်အေး၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့်ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းသို့ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး အဆင့်ရှိ အဆင့်မြင့် အရာရှိကြီးကိုးဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်သည်။ တရားရုံးချုပ်အနေဖြင့် e-Government ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့်တရားစီရင်ရေးကဏ္ဍတွင် IT နည်းပညာကို အသုံးချနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

# ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းစစ်ဆေး မကြာမီ ကာလအတွင်း စမ်းသပ်လည်ပတ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းရေးမှာကြား

ရန်ကုန် အောက်တိုဘာ ၁၃

**လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာ ၉ ရက်က ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ကျောက်မီးသွေးသိုလှောင်ရုံ၊ ဗဟိုထိန်းချုပ်ခန်းနှင့် စက်ခလုတ်ခုံများ တပ်ဆင်ပြီးစီးမှု၊ တာဘိုင်စက်များ တပ်ဆင်ဆောင်ရွက်နေမှု၊ ဘွိုင်လာများတပ်ဆင်နေမှု၊ မီးခိုးခေါင်းတိုင် ထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံ၊ ရေသန့်စက်ရုံ၊ ရေအေးစက်ရုံ၊ ပြာသိုလှောင်ရုံ၊ ကျောက်မီးသွေးသယ်ဆောင်မည့် Conveyor Belt တပ်ဆင်ပြီးစီးမှု အခြေအနေများ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။** (အပေါ်ပုံ)

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၀ ရက်တွင် စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံစီမံကိန်းမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံသည် မကြာမီ တည်ဆောက်ပြီးစီး၍ စက်စမ်းသပ်လည်ပတ် ဓာတ်အားထုတ်လုပ်တော့မည်ဖြစ်ရာ စက်များကိုင်တွယ်ထိန်းသိမ်း မောင်းနှင်မည့် အင်ဂျင်နီယာဝန်ထမ်းများ ကျွမ်းကျင်မှုရှိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ နည်းပညာပိုင်းအရ ချို့ယွင်းအားနည်းမှုများ မဖြစ်ပေါ်ရေး၊ စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်၍ မကြာမီကာလအတွင်း စက်စမ်းသပ် လည်ပတ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရေး၊ ခြိုးခြံချွေတာရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေး တူးဖော်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက စက်စတင်လည်ပတ်သည့် အချိန်မှစ၍ ကျောက်မီးသွေးစဉ်ဆက်မပြတ် တူးဖော်ထုတ်လုပ် ရရှိရေး စီမံချက် ချမှတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး စက်ယန္တရားကြီးများဖြင့် ကျောက်မီးသွေးမိုင်း အပေါ်ယံမြေလွှာဖယ်ရှားနေမှု အခြေအနေများ၊ ကျောက်မီးသွေးတူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် အောက်တိုဘာ ၁၁ ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်၍ စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကလည်း လိုအပ်သည်များကို မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းကအသင်း၏ တစ်နှစ်တာဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့က စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ် အောင်မြင်ရေးကိစ္စများ၊ အသင်းဝင်များ၏ အရည်အသွေး၊ အရည်အချင်း စွမ်းရည်မြင့်မားရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကြသည်။

**(သတင်းစဉ်)**



**အောက်တိုဘာ ၁၂ ရက်က သမဝါယမဝန်ကြီးဌာန အမျိုးသားအဆင့် ငွေစုငွေချေး သမဝါယမ အသင်းများ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း အမှာစကားပြောကြားစဉ်။**

(သမဝါယမ)



**အမှာစကားပြောကြား**

**လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၄) ဖွင့်ပွဲကို အောက်တိုဘာ ၁၁ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သင်တန်းခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ခင် အဖွင့်အမှာစကား ပြောကြားစဉ်။**

(မြို့နယ် ပြန်/ဆက်)



# ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၃**

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Simon Tensing de Cruz သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# စမ်းချောင်းမြို့နယ်ဝေဠုဝန်ကျောင်းတိုက် (၈၈)ကြိမ်မြောက် မဟာဘုံကထိန်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန် ကျောင်းတိုက်ကြီး၏ (၈၈)ကြိမ်မြောက် မဟာဘုံကထိန်လျာ သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတော်ကြီးကို ၁၃၆၆ခု တန်ဆောင်မုန်းလဆန်း ၁၀ရက်၊(နိုဝင်ဘာ၂၁ရက်)တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် သံဃာတော်အပါး ၁၄၀ကျော်အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည် ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ကုသိုလ်ရှင်များအား ကထိန်အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# ဆည်းဆာ၏အရုဏ်ဦး မြန်မာ့ရုပ်သံဇာတ်လမ်း ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များအားဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျင်းပခဲ့သော အပြည်ပြည် ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်မြင် သံကြားမှ ထုတ်လွှင့်ပြသခဲ့သည့် "ဆည်းဆာ၏အရုဏ်ဦး" ရုပ်မြင် သံကြား ဇာတ်လမ်းတွင် ပါဝင်သရုပ် ဆောင်ခဲ့ကြသော အနုပညာရှင်များ အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးစေတီ လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန် လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက် အားပေးသည်။

ဂုဏ်ပြုပွဲ အခမ်းအနားသို့ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အထူး အရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မီးသတ်ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမြင့်ထွန်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ "ဆည်းဆာ၏အရုဏ်ဦး"ရုပ်မြင်သံကြား ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင် ခဲ့ကြသည့် အနုပညာရှင်များဖြစ်ကြ သော သတ္တိ၊ မေသဥ္ဇာဦး၊ မေထွဋ် ခေါင်၊ ဦးစောနိုင်(ရှမ်းပြည်)၊ ဒေါ်အိအိ စိုး၊ ဒါရိုက်တာမျိုးအေး (မြန်မာ့/ ရုပ်မြင်)၊ သရုပ်ဆောင်များနှင့် ဖိတ် ကြားထားသူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ ၂၀၀၄ ခုနှစ် အပြည်ပြည် ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကျင်းပ ရေးဦးစီးကော်မတီ နာယက လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ် စိန်ထွားက "ဆည်းဆာ၏ အရုဏ်ဦး" ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင် သရုပ်ဆောင်ခဲ့ကြသော ဒါရိုက်တာ မျိုးအေး(မြန်မာ့/ရုပ်မြင်)၊ရုပ်ရှင်သရုပ် ဆောင် အကယ်ဒမီမေသဥ္ဇာဦး၊ ရုပ်ရှင် သရုပ်ဆောင် ဦးစောနိုင် (ရှမ်းပြည်) **(အပေါ်ယာပုံ)**နှင့် သရုပ်ဆောင်များ အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (ကြည်း၊ရေ၊လေ)ဘောလုံးအကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၀၄ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံး ပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲကို အောက်တိုဘာ ၁၅ ရက် ညနေ၃နာရီ ခွဲတွင်လည်းကောင်း၊ ဒုတိယအကြို ဗိုလ်လုပွဲကို အောက်တိုဘာ ၁၆ ရက် ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ ဗိုလ်လုပွဲကို အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင်လည်းကောင်း ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အောက်တိုဘာ ၄ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒဗုဒ္ဓဘာသာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်းဗဟို (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် ဦးမောင်မောင်(၇)-ဒေါ်ခင်မြင့်မြင့်သားသမီး၊ မြေးတစ်စု ၅၂ ရွှေတောင်ကြားလမ်း ဗဟန်းက အလှူတော်ငွေကျပ်နှစ်သိန်းနှစ်သောင်း ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)**



# ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ၊ ပြပွဲဆုရရှိသူများအားကြေညာခြင်း

**၁။ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပ ခဲ့သော ၂၀၀၄ခုနှစ် ရွှေတိဂုံစေတီတော် ဓာတ်ပုံပြိုင်ပွဲတွင် အောက်ဖော်ပြပါ ဓာတ်ပုံပညာရှင်များက ဆုအသီးသီးရရှိကြောင်း ကြေညာအပ်ပါသည်-**

| | | |
|---|---|---|
| (က) ကြည်ညိုဖွယ်အဖုံဖုံမြတ်ရွှေတိဂုံ | ပထမဆု | - သီဟသိန်းဉာဏ် |
| | ဒုတိယဆု | - လင်းထင် |
| | တတိယဆု | - ရွှေလှေမျိုးအောင် |
| | နှစ်သိမ့်ဆု-၁ | - တင်မိုးဝေ |
| | နှစ်သိမ့်ဆု-၂ | - တင်မိုးဝေ |
| | နှစ်သိမ့်ဆု-၃ | - ကျော်ကျော်သူ |
| | နှစ်သိမ့်ဆု-၄ | - မောင်မောင်ကြည် |
| | နှစ်သိမ့်ဆု-၅ | - ဦးဆန်းငွေ(မြန်မာ) |
| (ခ) မြတ်ရွှေတိဂုံကုသိုလ်စုံ | ပထမဆု | - ကိုအောင်အောင်(Toe) |
| | ဒုတိယဆု | - တင်မိုးဝေ |
| | တတိယဆု | - သီဟသိန်းဉာဏ် |
| | နှစ်သိမ့်ဆု-၁ | - သီဟသိန်းဉာဏ် |
| | နှစ်သိမ့်ဆု-၂ | - ဦးလှမောင် |
| | နှစ်သိမ့်ဆု-၃ | - တင်မိုးဝေ |
| | နှစ်သိမ့်ဆု-၄ | - ကိုအောင်မျိုး(Maximunforce) |
| | နှစ်သိမ့်ဆု-၅ | - ဦးလှမောင် |
| (ဂ) ရွှေတိဂုံ ဝန်းကျင်ရှုလေလျှင် | ပထမဆု | - စိန်ဝင်းထွေး(အောင်ချမ်းသာ) |
| | ဒုတိယဆု | - ဦးလှမောင် |
| | တတိယဆု | - မျိုးမြင့်အောင်(သိပ္ပံ) |
| | နှစ်သိမ့်ဆု-၁ | - ဦးကျော်လင်း(လှိုင်) |
| | နှစ်သိမ့်ဆု-၂ | - သီဟဝင်း(လှဂုဏ်ရည်) |
| | နှစ်သိမ့်ဆု-၃ | - သီဟသိန်းဉာဏ် |
| | နှစ်သိမ့်ဆု-၄ | - ဦးသိန်းဝင်း |
| | နှစ်သိမ့်ဆု-၅ | - ဦးလှမောင် |

၂။ အထက်ဖော်ပြပါ ဆုရဓာတ်ပုံများအပါအဝင် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူတို့ လေ့လာ ကြည်ညိုနိုင်ကြစေရန် ၁၇-၁၀-၂၀၀၄ရက်(တနင်္ဂနွေနေ့)မှ ၂၈-၁၀-၂၀၀၄ရက် (ကြာသပတေးနေ့)အထိ ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ဓာတ်ပုံပြိုင်ပွဲတစ်ရပ် ခင်းကျင်းပြသမည်ဖြစ်ပါ၍ ဘုရားဖူးပြည်သူများ အခမဲ့ကြွရောက် လေ့လာကြည်ညိုနိုင်ပါသည်။

၃။ ၂၇-၁၀-၂၀၀၄ရက်တွင် ဆုရဓာတ်ပုံပညာရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည် ဖြစ်ပါသည်။

**ရွှေတိဂုံစေတီတော်ထာဝရဘက်စုံပြုပြင်မွမ်းမံ**
**တည်ဆောက်ရေးလုပ်ငန်းကော်မတီ။**



# အထက(၁)အင်းစိန် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအင်းစိန်၌ ပညာသင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပမည် ဖြစ်ပြီး အာစရိယပူဇော်ပွဲနှင့်စပ်လျဉ်း၍ ဦးမြတ်နိုင် ဖုန်း-၅၀၂၀၇၇၊ ဦးစောပြည်သိမ်း ဖုန်း-၆၄၃၇၆၃ နှင့် ဦးတင့်စိန်ဖူး ဖုန်း-၆၄၃၉၇၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေပြည်တော်ပြည်နယ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့် ပြည်သူများအား အခမဲ့ဆေးဝါးကုသပေး

နေပြည်တော် အောက်တိုဘာ ၁၀

**မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက်က နေပြည်တော်မြို့နယ် စခန်းကြီးကျေးရွာအုပ်စု တော်ဖျားကျေးရွာတွင် ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်အတွင်းရေးမှူး ဦးအောင်ဇင်ဦး၊ စခန်းကြီးကျေးရွာ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဒေါ်ချယ်ရီကျော်မြင့် တို့က တော်ဖျားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

### အမှာစကားပြောကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးနိုင်ဝင်းက ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးခြင်းနှင့် ကျေးလက်ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်းတို့အတွက် ကျေးဇူးတင်စကားပြောကြားသည်။

### အခမဲ့ဆေးကုသ

ထို့နောက်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ နယ်လှည့်အခမဲ့ ဆေးကုသရေးအဖွဲ့နှင့်ရန်ကုန်ဆေးတက္ကသိုလ် နောက်ဆုံးနှစ် ဆေးကျောင်းသား၊ ကျောင်းသူများက ကျေးလက် ပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လူနာများအား အခမဲ့ ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **(ဝ၈၅)**



## မိုးကုတ်မြို့နယ် ကင်းချောင်းတိုးချဲ့ မြို့ရေပေးရေး ထပ်ဆင့်ရေဝေကန်အမှတ်(၁)သို့ ပိုက်လိုင်းဆက်သွယ်ဆောင်ရွက်

မိုးကုတ် စက်တင်ဘာ ၃၀

**မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို၊ အင်ဂျင်နီယာမှူး ဦးတင်မောင်လွင်နှင့် အဖွဲ့သည် စက်တင်ဘာ ၁၅ရက်က ကင်းချောင်းတိုးချဲ့ မြို့ရေပေးရေး ဂါလန် ၁၁၀၀၀၀ဆံ့ ရေလှောင်ကန်မှ ထပ်ဆင့်ရေဝေကန်အမှတ်(၁)သို့ ပိုက်လိုင်းဆက်သွယ်သည့်လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်သည်။(ဝဲအောက်ပုံ)**

အဆိုပါ ကင်းချောင်းတိုးချဲ့ မြို့ရေပေးရေးလုပ်ငန်းအား၁၉၉၉–၂၀၀၀ ပြည့်နှစ် ဘဏ္ဍာရေးနှစ်မှ စ၍ နှစ်အလိုက် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေထွက်ဦးတွင်တစ်ဖက်ပိတ်ရေလှောင်ဆည် တည်ဆောက်ခြင်း၊ ဂါလန် ၁၁၀၀၀၀ဆံ့ ရေလှောင်ကန်တစ်လုံး တည်ဆောက်ခြင်း၊ ဂါလန်၂၀၀၀၀ ဆံ့ ထပ်ဆင့်ရေဝေ ကန်နှစ်လုံး တည်ဆောက်ခြင်း၊ရေ ထွက်မှရေလှောင်ကန်အထိ ပိုက်လိုင်းသွယ်တန်းတပ်ဆင်ခြင်းနှင့် ယခုနှစ်တွင် ဂါလန် ၁၁၀၀၀၀ ဆံ့ရေလှောင်ကန်မှထပ်ဆင့်ရေဝေကန်အမှတ်(၁)သို့ဆက်သွယ်ခြင်း လုပ်ငန်းများကို သိန်း၃၀၀ကျော် အကုန်အကျခံကာဘဏ္ဍာရေး နှစ်အလိုက် ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**



### ရှင်းလင်းတင်ပြ

**ကဝမြို့နယ်ဇင်းဘုကျေးရွာနှင့် ရွှေလှေကျေးရွာ ဆက်သွယ်သော ကျေးလက် မြေသားလမ်းကို စည်ပင်သာယာရေးအဖွဲ့က စက်ယန္တရားများဖြင့် ဆောင်ရွက်မှုကို ကဝမြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် အဖွဲ့ဝင်များ အောက်တိုဘာ ၃ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာဦးရဲလွင်က ရှင်းလင်းတင်ပြစဉ်။** (၂၄၀)

## ချောက်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးဗိုလ်လုပွဲကျင်းပ

**ချောက် အောက်တိုဘာ ၄**

ချောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားဘောလုံးဗိုလ်လုပွဲကို စက်တင်ဘာ ၂၆ရက်က မြို့နယ်အားကစားကွင်းတွင် ကျင်းပရာ အမှတ်(၉)ရပ်ကွက်အသင်းနှင့်အမှတ်(၁၂)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၉)အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲ သွားသည်။

### လက်ခံရယူ

ဆက်လက်၍ဆုရအသင်းများအား ဆုပေးပွဲ ကျင်းပရာ ပူးတွဲတတိယရရှိသော အမှတ်(၄)နှင့်အမှတ်(၇)အသင်းတို့အား မြို့နယ်အတွင်းရေးမှူး ဦးအေးဟန်ကလည်းကောင်း၊ဒုတိယဆုရအမှတ်(၁၂)အသင်းအား ဗိုလ်မှူးမျိုးမင်းကလည်းကောင်း၊ ပထမဆုရ အမှတ်(၉)အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးသီဟကလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဆုဖလားတို့အား ပေးအပ်ရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးလွင်နှင့် အသင်းအုပ်ချုပ်သူတို့က လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**



## တာချီလိတ်မြို့ အေအိုင်ဒီအက်စ်ရောဂါရှင်များအား ကူညီပံ့ပိုးရေးအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

**တာချီလိတ် အောက်တိုဘာ ၅**

တာချီလိတ်မြို့ အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်များအားကူညီပံ့ပိုးရေးအဖွဲ့(ASG)၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က တာချီလိတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်က အဖွင့်အမှာ စကား ပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးစိုင်းလေးမောင်က အဖွဲ့၏(၁၀)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းနှင့် ပြန်ကြားရေး တာဝန်ခံ ဦးအောင်ဖြိုးရှိန်က ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် (၁၀)နှစ်တာကာလအတွင်း ဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် ရပ်ကွက်၊ ကျေးရွာတာဝန်ခံများအား တာဝန်ရှိသူများကဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)** **(၄၂၀)**





**စက်တင်ဘာ ၁၉ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ သံတောင် မြို့နယ်ဦးစီးဌာနဝန်ထမ်းများက သံတောင်မြို့မရဲစခန်း၌ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား နိုင်ငံသား စိစစ်ရေးကတ်များ ထုတ်ပေးရန် ဆောင်ရွက်မှုကို ကရင်ပြည်နယ် ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်လှ ကြည့်ရှုစစ်ဆေးစဉ်။** (က–ပ)

## အမြို့မြို့ အနယ်နယ် သတင်းများ

**အောက်တိုဘာ ၁ရက်က ကျိုက်လတ်မြို့နယ်တွင် သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အဘိုးအဘွား ၈၃ဦးတို့အား ပူဇော်ကန်တော့ပွဲကို တိလောကမာရဇိန် ဘုရားကြီးဝင်းရှိ သာသနာ့ဗိမာန်တွင်ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမြဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များတက်ရောက်ကြစဉ်။** (ဝ၅၈)



**သံဖြူဇရပ်မြို့နယ် ပကျေးရွာ၌ ရေငန်ပုစွန်ထုတ်လုပ်အောင်မြင်မှုကို စက်တင်ဘာ ၁၈ရက်က မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။** (မြို့နယ် ပြန်/ဆက်)



# မွန်ပြည်နယ်ပညာရေးမှူးရုံး လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြား

**မော်လမြိုင် အောက်တိုဘာ ၃**

ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာန မွန်ပြည်နယ် ပညာရေးမှူးရုံး၏ ၂၀၀၄ခုနှစ် ပထမ ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ရက်က အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမတွင်ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက် အမှာစကားပြောကြားသည်။**(အပေါ်ယာပုံ)**

အခမ်းအနားတွင် တက်ရောက်လာကြသည့် မော်လမြိုင် ခရိုင်ခြောက်မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ သထုံခရိုင်လေးမြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၏ ညှိနှိုင်းဆွေးနွေးမေးမြန်းချက်များကို မွန်ပြည်နယ် ပြည်နယ်ပညာရေးမှူး ဦးအောင်မြို့နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားကြသည်။ **(၁၆၈)**



**၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ကြသည့် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးအဆင့် (၁)ဦးဝင်းဦး၏သမီး မဟေမာန်ဝင်းထိုက်အား ဂုဏ်ပြုပွဲကို အောက်တိုဘာ ၈ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေချီးမြှင့်စဉ်။**(မြို့နယ် ပြန်/ဆက်)



**ရှင်းလင်းပြသ**



**အောက်တိုဘာ ၉ရက်က သာယာဝတီ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်း သာယာဝတီ မြို့နယ် စည်ပင် သာ ယာ ရေး အဖွဲ့က ဆောင်ရွက်သော သုံးဆယ်မြို့ ရတနာပုံလမ်း ဂဝံခင်းခြင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်လှလှတို့က ရှင်းလင်းပြသကြစဉ်။** (မြို့နယ်စည်ပင်)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲများ ယှဉ်ပြိုင်

## အင်္ဂလန်၊ ဆွီဒင်၊ တူရကီ၊ စပိန်၊ အာဂျင်တီးနားနှင့် ဘရာဇီးတို့အနိုင်ရရှိ

အင်္ဂလန် အောက်တိုဘာ ၁၂

**၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားပွဲကို ဇုန်အလိုက် သက်ဆိုင်ရာနိုင်ငံများတွင် အောက်တိုဘာ ၉ရက်က ကျင်းပခဲ့သည်။**



**အင်္ဂလန်အသင်းနှင့် ဝေလအသင်းတို့ပွဲတွင် အင်္ဂလန်မှ ဖရန့်လမ်းပတ် ပထမဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ဥရောပဇုန်အဖြစ် အင်္ဂလန်အသင်းနှင့် ဝေလအသင်းတို့သည် အိုးထရက်ဖို့ကွင်း၌ ယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ အင်္ဂလန်အသင်းအတွက် အနိုင်ဂိုးများကို ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်က ပွဲစပြီး လေးမိနစ်တွင် သွင်းယူခဲ့သည်။ အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းက ၇၆ မိနစ်တွင် ၂၅မီတာအကွာမှ သွင်းယူခဲ့သည်။

အင်္ဂလန်အသင်းသည် ဩစတြီးယားအသင်းကို နှစ်ဂိုး–နှစ်ဂိုး၊ ပိုလန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် ကစားခဲ့ပြီးဖြစ်၍ ယခု နိုင်ပွဲနှင့်ဆိုလျှင် သုံးပွဲကစား ခုနစ်မှတ်ဖြင့် အုပ်စု (၆)တွင် ထိပ်ဆုံးမှ ဦးဆောင်နေသည်။

ဖင်လန်အသင်းနှင့် ရိုမေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဖင်လန်က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဖင်လန်အသင်းသည် လေးပွဲ ကစားပြီးချိန်တွင် ရိုမေးနီးယားအသင်းနှင့်အတူ ကိုးမှတ်ရရှိထားကာ အုပ်စု(၁) တွင် ဦးဆောင်နေသည်။

စကော့တလန်အသင်းနှင့် နော်ဝေအသင်းတို့ ပွဲစဉ်တွင် နော်ဝေက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။

ချက်နှင့်ရိုမေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချက်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သော်လည်း အုပ်စု(၁)တွင် နယ်သာလန်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးထား၍ သုံးမှတ်သာ ရသေးသည်။

ဆွီဒင်အသင်းနှင့် ဟန်ဂေရီ အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဆွီဒင်က သုံးဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ဆွီဒင်အသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စု (၈)တွင် ခြောက်မှတ်ရကာ ခရိုအေးရှားနောက်မှ ကပ်လိုက်နေသည်။

ယူကရိန်းနှင့် ယူရို၂၀၀၄ ချန်ပီယံဂရိအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

အဇာဘိုင်ဂျန်နှင့် မြောက်အိုင်ယာလန်အသင်းတို့ပွဲတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ပြီး အုပ်စု(၆)တွင် ရှုံးပွဲများဆက်နေသော အသင်းများဖြစ်သည်။

တူရကီနှင့် ကာဇက်စတန်အသင်းတို့ ခြေစစ်ကြရာတွင် တူရကီက လေးဂိုး–ဂိုးမရှိဖြင့် အောင်ပွဲခံခဲ့သည်။ တူရကီအသင်းသည် သုံးပွဲကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ငါးမှတ်ရရှိထားကာ အုပ်စု(၂)တွင် ယူကရိန်းနှင့်အတူ ဦးဆောင်နေသည်။

လီချင့်စတိန်းနှင့် ပေါ်တူဂီ အသင်းတို့ ယှဉ်ပြိုင်ကြရာတွင် ပေါ်တူဂီက နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်သော်လည်း လီချင့်စတိန်း၏ ချေပခြင်းကို ခံခဲ့ကြရသည်။

အစ္စရေးနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်သွားခဲ့သည်။ ၎င်းနှစ်သင်းသည် သုံးပွဲကစားပြီးချိန်တွင် အုပ်စု(၄)၌ ငါးမှတ်စီ ရရှိထားသည်။

စပိန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် စပိန်က နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ စပိန်အသင်းသည် နှစ်ပွဲကစား လေးမှတ်ရထားသည်။

အီတလီနှင့် ဆလိုဗေးနီးယားတို့ပွဲတွင် အီတလီက တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။ အီတလီအသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ခြောက်မှတ်ရရှိထားသည်။

တောင်အမေရိကဇုန်တွင် ကိုလံဘီယာနှင့် ပါရာဂွေးအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျနေချိန်တွင် အာဂျင်တီးနားအသင်းက ဥရုဂွေးအသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဘိုလီးဗီးယားက ပီရူးကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့ချိန်တွင် ဗင်နီဇွဲလားက ဘရာဇီးကို နှစ်ဂိုး–ငါးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဘရာဇီးအသင်းအတွက် ရော်နယ်ဒိုက နှစ်ဂိုးသွင်းယူခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

**ကမ္ဘာ့ တစ်လွှား အားကစား**

**ဖြတ်ယူ**

**ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုက ဗင်နီဇွဲလားကစားသမား ဂျို့စ်မန်သူရယ်ရေးထံမှ ဘောလုံးကို ဖြတ်ယူသွားစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



# ဆွီဒင်နိုင်ငံသား ဆိုဒါလင်း လီယွန်ဂရင်းပရီတင်းနစ်ဗိုလ်စွဲ



**လီယွန် အောက်တိုဘာ ၁၁**

ပြင်သစ်နိုင်ငံ လီယွန်ဂရင်း ပရီတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို တနင်္ဂနွေနေ့က ကျင်းပသည်။

ယင်းဂရင်း ပရီတင်းနစ်ပြိုင်ပွဲတွင် ဆွီဒင်နိုင်ငံသား ရိုဘင်ဆိုဒါလင်းက ဘယ်လ်ဂျီယံနိုင်ငံသား ဟာဗီးယား မာလစ်ဆီအား ၆–၂၊ ၃–၆၊ ၆–၄ ဖြင့်နိုင်ပြီး သူ၏ပထမဆုံးသောဖလားကို ဆွတ်ခူးခဲ့သည်။ **(ဝဲပုံ)**

**တက်ရောက်**

ဆိုဒါလင်းသည် ပြီးခဲ့သောနှစ် ဖေဖော်ဝါရီလက စတော့ဟုမ်းတွင် မာလစ်ဆီကိုရှုံးခဲ့ပြီးနောက် တတိယမြောက် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အဆိုပါပြိုင်ပွဲကို တစ်နာရီခွဲခန့် ကစားခဲ့ရသည်။

မာလစ်ဆီသည် ယခုပွဲအပါအဝင် အတီပီ ဗိုလ်လုပွဲခြောက်ခုမြောက် အရှုံးကို ရင်ဆိုင်ခဲ့ရသူဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ**

# ဩစတြေးလျမှ အင်ဒရီစတော့ဗ် ဗီးဂတ်စ်ဂေါက်သီးပြိုင်ပွဲ ဗိုလ်စွဲ

နီးဗားဒါး အောက်တိုဘာ ၁၁

**ဩစတြေးလျမှ အင်ဒရီစတော့ဗ်သည် အမေရိကန်ဒေါ်လာ လေးသန်းတန် လက်စ်ဗီးဂတ်စ်ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တနင်္ဂနွေနေ့က မထင်မှတ်ဘဲ အနိုင်ရဗိုလ်စွဲသွားသည်။**

ဘရစ်ဘိန်းမှ အသက် ၃၄နှစ်အရွယ်ရှိ အဆိုပါ ဂေါက်သီးရိုက် အားကစားသမားသည် စုစုပေါင်းရိုက်ချက် ၂၆၆ချက်တွင် ၂၁ချက်လျှော့ရိုက်ခဲ့သည်။ သူသည် နောက်ဆုံးအကျော့ပွဲစဉ် ၆၇ချက်တွင် ငါးချက်လျှော့ရိုက်ခဲ့ပြီး သူ၏ပထမဆုံးသော ဆုဖလားကို ရရှိခဲ့သည်။ စတော့ဗ်သည် ယခုနှစ်ရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပဉ္စမမြောက် အောင်မြင်အနိုင်ရ ဗိုလ်စွဲခဲ့သည့် ဩစတြေးလျနိုင်ငံသားဖြစ်လာသည်။ သူ၏ နောက်ဆုံး ၅၄ ကျင်းကျော်တွင် တစ်ချက်ပိုရိုက်လေ့ရှိသော်လည်း တစ်နှစ်အတွင်း ဖလားသုံးလုံးရယူနိုင်ခဲ့သည်။ စတော့ဗ်သည် နိုင်ငံတကာပြိုင်ပွဲမှ ဖလားသုံးခု ရရှိထားသူဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ**





## သထုံမြို့နယ်တွင် ထွန်းရောင်ခြည်လင်းစာကြည့်တိုက်ဖွင့်

သထုံ အောက်တိုဘာ ၁၁

**သထုံမြို့နယ် ဒုံဝန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ထွန်းရောင်ခြည်လင်း စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၂၉ရက်က ဒုံဝန်းကျေးရွာ၌ ကျင်းပရာ ဆရာတော်ဘဒ္ဒန္တဦးနန္ဒိယ၊ ကျေးရွာဥက္ကဋ္ဌ ဦးကျော်လှနှင့်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)**

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းသော စာအုပ်များနှင့် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက လှူဒါန်းသော စာအုပ်များကို သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်ညွန့်က ဒုံဝန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ထွန်းရောင်ခြည်လင်းစာကြည့်တိုက် တာဝန်ခံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## ဂန့်ဂေါ ပွင့်သစ်ဦးစာကြည့်တိုက် ဖွံ့ဖြိုးရေးဆောင်ရွက်

**ဂန့်ဂေါ အောက်တိုဘာ ၅**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းထွန်းနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်မြင့်တို့သည် ဂန့်ဂေါမြို့နယ် ဇာတောရွာတွင် ပွင့်သစ်ဦး စာကြည့်တိုက်တွင် စက်တင်ဘာ ၂၇ရက်က စာအုပ်များ၊ ပရိဘောဂများနှင့် စာအုပ်များရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

**ရှင်းလင်းပြောကြား**

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျေးရွာဥက္ကဋ္ဌ ဦးကျော်အောင်နှင့် တာဝန်ရှိသူများ တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်မှုများ ရှင်းလင်းပြောကြားကြသည်။ **(၂၇၃)**



**စက်တင်ဘာ ၂၉ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတွင် မြို့နယ်အသင်း နာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယဉ်ထွေး တက်ရောက်အမှာစကားပြောကြားစဉ်။**

(၀၄၈)

## ကြည့်ရှုစစ်ဆေး

**စက်တင်ဘာ ၂၉ ရက်က နယ်မြေခံတပ်ရင်းမှူးနှင့် ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်းတို့က သပြေချောင်း–ဇလွန်မြေသား လမ်းပေါ်ရှိ ခမောင်းသာချောင်း ကျေးလက် တံတားဆောက်လုပ်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)





## တရားရုံးစာရေးဝန်ထမ်း မွမ်းမံသင်တန်းဆင်း

**မိတ္ထီလာ အောက်တိုဘာ ၁၂**

တရားရုံးစာရေးဝန်ထမ်း မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ရက်က မိတ္ထီလာခရိုင် တရားရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း တရားရုံး တွဲဖက်တိုင်းတရားသူကြီး ဦးကြည်သိန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။ သင်တန်းကာလမှာ စက်တင်ဘာ ၄ရက်မှ အောက်တိုဘာ ၁၀ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **(၄၁၄)**



**ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ စက်တင်ဘာ ၁၄ရက်က ဗိုလ်ချုပ်လမ်း ဘေးဝဲယာ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်မှု ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

## မြန်မာ့အသံ

**၁၅–၁၀–၂၀၀၄**

**(သောကြာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏
မေတ္တာသုတ်နှင့် ခန္ဓသုတ်)

**နေ့လယ်ပိုင်း**

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
(စားနပ်ရိက္ခာဖူလုံဖို့
ဓီဝမျိုးစုံ ထိန်းသိမ်းစို့)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ
(ဆေးဖက်ဝင်ကြက်ဟင်းခါးပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ
(အစုန်မြန်၍ အဆန်ခက်သည်)
၁၃:၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆:၂၀ ကျေးလက်ဇာတ်လမ်း
(ဓီဝမျိုးစုံထိန်းသိမ်းစို့)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)မေတ္တာသည်သာ(ခေါင်းကြီး)
(၂)အပြာရောင်ကောင်းကင်ကြီးနဲ့ အပြိုင်(ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ
(သိပ္ပံဆောင်းပါးရေးသားခြင်း အကြောင်း–မောင်ဆုရှင်)
၁၉:၁၅ စိုးအမွန်–သီချင်းကြီးအဖွဲ့

## ကုဋ္ဌေဖြိုး ဈေးသမအသင်း ပြုပြင်ဖွဲ့စည်းရေး အခမ်းအနားကျင်းပ

**ပင်လည်ဘူး အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့ အားမာန်ငွေစုငွေချေးသမဝါယမ အသင်းလီမိတက်မှ ကုဋ္ဌေဖြိုးဈေး သမဝါယမအသင်းလီမိတက် ပြုပြင်ဖွဲ့စည်းရေး အခမ်းအနားနှင့် ဆိုင်းဘုတ်တင်ပွဲကို စက်တင်ဘာ ၈ရက်က မူးမြစ်ဖျား သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မြိုင်နှင့်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်တို့က အမှာစကားများ ပြောကြားကြသည်။

ကုဋ္ဌေဖြိုးသမဝါယမအသင်းသည် မြို့စည်ပင်သာယာဈေး၊ ဈေးသည်များ စုစည်းဖွဲ့ထားကြောင်း သိရသည်။ **(၂၇၁)**

## အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၁၅**

ပခုက္ကူမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် သတ္တမအကြိမ်မြောက် အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၀ရက်က ပခုက္ကူမြို့ ဒေသန္တရ ကျန်းမာရေး ဌာနရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသောင်းအေးနှင့် ဆေးရုံအုပ်ကြီးဒေါက်တာဦးဌေးတို့က အမှာစကား ပြောကြားကြသည်။

သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသူများနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးသောင်းအေးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဦးဌေးတို့က ထူးချွန်ဆုနှင့် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။ **(၄၁၃)**

## ကြီးကြပ်ဆောင်ရွက်

**စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အမှတ်(၂) ရပ်ကွက်တွင် လူမှုရေးအသင်းဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ လမ်းဘေးဝဲယာတစ်လျှောက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို အောက်တိုဘာ ၂ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)





**ပန်းတောင်းမြို့ ဆင်တဲကျေးရွာ၌ စက်တင်ဘာ၁၀ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းဦးစီးဌာနမှူး ဦးခင်ရွှေ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး

ရန်ကုန် အောက်တိုဘာ ၁၃

**ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။**

## ပြိုင်ပွဲဝင်များတက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ **စာမျက်နှာ ၃ ကော်လံ ၂** ■

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒွါဒသမ အကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

### အမှာစကား ပြောကြား

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သိန်းနီမြို့ နယ်မြေခံ တပ်နယ် အစည်းအဝေး ခန်းမတွင် သိန်းနီ တပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။**

**(သတင်းစဉ်)**

# နယ်စပ်ဒေသများ တစ်ချိန်က ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ တပ်မတော်အစိုးရလက်ထက်ကျမှ တစ်ရှိန်ထိုးဖွံ့ဖြိုးလာသည်ကို အားလုံးသိမြင်ခံစားရ နိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ရေး အသက်ထက်ဆုံးကာကွယ်

**ရန်ကုန် အောက်တိုဘာ ၁၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ **စာမျက်နှာ ၆ ကော်လံ ၁** ❐






14-10 (20).p65 1 26.03.1905, 10:26 PM